ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၅ ရက်၊ ဗုဒ္ဓဟူးနေ့၊ (16-12-2015) (၈၄၁၆)

## မေတ္တာ၏ အကျိုးအာနိသင်

မေတ္တာ၏ အကျိုးအာနိသင်သည် အလွန်များပြား ကြီးမားမြင့်မြတ်၏။ ဘဝသမ္ပတ္တိအကျိုးပေးသန်သော ကောင်းသောကံတကာတည်းတွင် ဤမေတ္တာကံသည် အထွတ်မြတ်ဆုံး၊ အသာဆုံးတည်း။ မေတ္တာကံကို တုပြိုင်နိုင်သော ကံဟူ၍ မရှိပေ။

သေကျွဲတောင်ဆရာတော် ဦးတိလောက



# ဒုတိယသမ္မတ ဦးညဏ်ထွန်း ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာအစည်းအဝေးတက်ရောက်ပြီး ပြန်လည်ရောက်ရှိ

❝ မြန်မာနိုင်ငံ၌ ထားဝယ်အထူးစီးပွားရေးဇုန် ကုမ္ပဏီလီမိတက်ဖွင့်လှစ်နိုင်ရေး၊ မြန်မာနိုင်ငံရှိ မြန်မာ့ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဘဏ်၌ နိုင်ငံခြားငွေစာရင်းဖွင့်လှစ်ရေးနှင့် အစုရှယ်ယာထည့်ဝင်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ ❞

စာမျက်နှာ - ၃

## ၂၀၁၆ ခုနှစ်အစောပိုင်းတွင် ဒုတိယအကြိမ်မြောက် နိုင်ငံခြားဘဏ်လိုင်စင်များ မြန်မာနိုင်ငံ ထုတ်ပေးမည်

သုတ

ပြည်ပရင်းနှီးမြှုပ်နှံမှုများဆွဲဆောင်ရန်မျှော်လင့်ချက်ဖြင့် မြန်မာနိုင်ငံက ၂၀၁၆ ခုနှစ်အစောပိုင်းတွင် ဒုတိယအကြိမ်မြောက် နိုင်ငံခြားဘဏ်လိုင်စင်များ ထုတ်ပေးမည်ဟု မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ပြောကြားသည်။ သြစတြေးလျ၊ ဂျပန်၊ မလေးရှား၊ တရုတ်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံများမှ လိုင်စင်ရရှိပြီးသောဘဏ်များကို လိုင်စင်သစ်ထုတ်ပေးရာတွင် ရွေးချယ်မည်မဟုတ်ကြောင်း သိရသည်။

ယခုအကြိမ် လိုင်စင်သစ်ထုတ်ပေးရာတွင် အိမ်နီးချင်းတိုင်းပြည်များနှင့် အရေးပါသောကုန်သွယ်မှုမိတ်ဖက်နိုင်ငံများမှဘဏ်များကို ဦးစားပေးမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းဝန်ဆောင်မှုကဏ္ဍ၌ ပြည်ပဘဏ်များအား လိုင်စင်ထုတ်ပေးမှုမှာ ပြီးခဲ့သည့်နှစ်က ပြည်ပဘဏ်ကိုးခုအား လိုင်စင်များအောင်မြင်စွာ ထုတ်ပေးနိုင်မှုကြောင့်ဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ အချက်အလက်များအရ ယခုဘဏ္ဍာနှစ် ပထမခုနစ်လအတွင်း မြန်မာနိုင်ငံ၌ ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၅၈ ဘီလီယံထိ ရောက်ရှိခဲ့သည်။

ပြီးခဲ့သည့်နှစ်က လိုင်စင်ရရှိခဲ့သောဘဏ်များမှာ တရုတ်နိုင်ငံမှ အိုင်စီဘီစီဘဏ်၊ စင်ကာပူနိုင်ငံမှအိုစီဘီစီနှင့် ယူအိုဘီဘဏ်များ၊ သြစတြေးလျနိုင်ငံမှ သြစတြေးလျနှင့် နယူးဇီလန်ဘဏ်အုပ်စု၊ မလေးရှားနိုင်ငံမှမေဘဏ်၊ ထိုင်းနိုင်ငံမှ ဘန်ကောက်ဘဏ်နှင့် ဂျပန်နိုင်ငံမှ မစ်ဆူဘီရှိဘဏ်၊ ဆူမိတိုမိုဘဏ်နှင့်မီဇူဟိုဘဏ်တို့ဖြစ်သည်။ လိုင်စင်လျှောက်ထားလိုသောဘဏ်များမှာ မြန်မာနိုင်ငံ၌ ကိုယ်စားလှယ်ရုံး တစ်ရုံးရှိရန် သို့မဟုတ် ကိုယ်စားလှယ်ရုံးတစ်ရုံးဖွင့်လှစ်ရန် လိုအပ်မည်ဖြစ်သည်။ **ရိုက်တာ။**

## ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးဆောင်ရွက်မှု မိနစ်ပိုင်းအတွင်း ဆောင်ရွက်ပေးရန် ညွှန်ကြားထား



စာမျက်နှာ - ၅

ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ယာဉ်မောင်းလိုင်စင်သက်တမ်းတိုး ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

# အသစ်တစ်ဖန် ပွံ့ဖြိုးလာတော့မည့် လင့်လမ်းတိုက်ခန်းများ

ရွှေတိဂုံစေတီတော် မြောက်ဘက်မုခ် ခြေတော်ရင်းနှင့် မလှမ်းမကမ်း လင့်လမ်းနှင့် ရွှေဂုံတိုင်လမ်းထောင့်ရှိ အဝါရောင်တိုက်ကြီးများတွင် သူတို့မိသားစုနေထိုင်ခဲ့သည်မှာ သူ့သက်တမ်းတစ်လျှောက်ပင်ဖြစ်သည်။ ဖခင်ဖြစ်သူမှာ အငြိမ်းစား ကျန်းမာရေးဆရာဝန်ကြီးဖြစ်ပြီး ယခုအခါ ဆုံးပါးသွားခဲ့ပြီ။ လွန်ခဲ့သည့် နှစ်နှစ်ခန့်က သူတို့တိုက်တန်းတွေကို အိမ်ရာဖွံ့ဖြိုးရေးစီမံကိန်းအဖြစ် အသစ်ပြန်လည်တည်ဆောက်ရန်အတွက် ခေတ္တပြောင်းရွှေ့စေခဲ့သည်။ ယခုလကုန်တွင်တော့ သူ၏ဖခင် ဆရာဝန်ကြီး မကွယ်လွန်မီကပင် နိုင်ငံတော်က အငှားချဝန်ထမ်းအိမ်ရာအဖြစ်ရရှိထားခဲ့သည့် အဆိုပါနေရာတွင် အသစ်ထွက်ပေါ်လာခဲ့သော တိုက်ကြီးဆီသို့ သူပြောင်းရွှေ့နိုင်တော့မည်။

မူလတိုက်ဝါကြီးများကို ဖြိုဖျက်ကာ အသစ်တည်ဆောက်မည်ဟုသိရစဉ်က နေထိုင်ရေးအတွက် ပူပန်စွာစိတ်လှုပ်ရှားခဲ့မိသော်လည်း ပြန်လည်ပေးအပ်မည့်အပြင် အိမ်ရာစီမံကိန်း ပြန်လည်ဖော်ဆောင်စဉ် အိမ်ငှားရမ်းနေထိုင်ရေးအတွက်ပါ စီစဉ်ပေးထားခြင်းကြောင့် အဆင်ပြေကြောင်း အငြိမ်းစားဆရာဝန်ကြီး၏ သားဖြစ်သူက ပြောသည်။

**သတင်းဆောင်းပါး - ခင်ရတနာ၊ ဓာတ်ပုံ - မေဦးမိုး**

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❖**



# ဒုတိယသမ္မတ ဦးညာဏ်ထွန်း ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများအကောင်အထည်ဖော်ရေးဆိုင်ရာ အစည်းအဝေးတက်ရောက်ပြီး ပြန်လည်ရောက်ရှိ




**ဗန်ကောက် ဒီဇင်ဘာ ၁၅**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည့် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများအကောင်အထည်ဖော်ရေးဆိုင်ရာ ပဥ္စမအကြိမ် မြန်မာ-ထိုင်း ပူးတွဲအဆင့်မြင့်ကော်မတီအစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ဒုတိယသမ္မတ ဦးညာဏ်ထွန်းနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ သုဝဏ္ဏဘူမိလေဆိပ်မှ ထိုင်းလေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ပြီး ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြရာ**(ယာပုံ)** ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ယနေ့ နံနက်ပိုင်းတွင် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်နိုင်ရေး အထူးလုပ်ငန်းအဖွဲ့ယန္တရား (SPV) အစည်းအဝေးကို St. Regis Hotel ၌ ကျင်းပရာ ထားဝယ်အထူးစီးပွားရေးဇုန်ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက် ဒါရိုက်တာအဖွဲ့ဝင်များနှင့် ထိုင်းနိုင်ငံမှ အမျိုးသားစီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးဘုတ်အဖွဲ့ဝင်များ တက်ရောက်ကြပြီး မြန်မာနိုင်ငံ၌ ထားဝယ်အထူးစီးပွားရေးဇုန် ကုမ္ပဏီလီမိတက်ဖွင့်လှစ်နိုင်ရေး၊ မြန်မာနိုင်ငံရှိ မြန်မာ့ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဘဏ်၌ နိုင်ငံခြားငွေစာရင်းဖွင့်လှစ်ရေးနှင့် အစုရှယ်ယာထည့်ဝင်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

● **ကျောဖုံးမှ**

ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မိတ္ထီလာတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်က လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အခမ်းအနားနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့ပဥ္စမအကြိမ် တပ်တော်ဝင် လွှဲပြောင်းပေးမှုအပါအဝင် စုစုပေါင်း လေယာဉ် ငါးမျိုး (၃၇ စင်း)နှင့် ရဟတ်ယာဉ် သုံးမျိုး (ကိုးစင်း)တို့ကို တပ်မတော်(လေ)သို့ အောင်မြင်စွာ လွှဲပြောင်းပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ခေတ်မီအင်အားတောင့်တင်းရန် ခေတ်မီ စစ်လက်နက်ပစ္စည်းများ တပ်ဆင်ရမည်ဖြစ်သကဲ့သို့ ယင်းပစ္စည်းများကို ကိုင်တွယ်အသုံးပြုနိုင်မည့် အရည်အချင်းရှိသော စစ်သည်တော်များ မွေးထုတ်ပေးခြင်းသည်လည်း အရေးပါကြောင်း၊ တပ်မတော်ကို ခေတ်မီတပ်မတော် (Standard Army) ဖြစ်စေရေး တည်ဆောက်လျက်ရှိရာတွင် တပ်ဖွဲ့အလိုက်၊ တစ်ဦးချင်းအလိုက် အရည်အချင်းရှိသူများဖြစ်အောင် လေ့ကျင့်ပျိုးထောင်သွားရန်လိုကြောင်း၊ ယခုကဲ့သို့ လေယာဉ်များ တပ်တော်ဝင်နိုင်ခြင်းသည် တပ်မတော်(လေ)အတွက် တိုက်စွမ်းအား တိုးတက်လာစေမည်ဖြစ်ပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ပြည့်ပြည့်ဝဝ ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ လေယာဉ်၊ ရဟတ်ယာဉ်များကို အန္တရာယ်ကင်းဘေးရှင်းစွာ ပျံသန်းမောင်းနှင်ပြီး နိုင်ငံတော်နှင့် တပ်မတော်အတွက် အကျိုးရှိအောင် လေ့ကျင့်သုံးစွဲကြရန် လိုအပ်ကြောင်း၊ ယခုဝယ်ယူဖြည့်တင်းပေးလိုက်သည့် လေယာဉ်၊ ရဟတ်ယာဉ်များနှင့် ပတ်သက်ပြီး စစ်သည်တော် ကျင့်ဝတ်ပါ "မိမိလက်နက်ကို ခင်မင်မြတ်နိုးပါ" ဆိုသည့်အတိုင်း လေယာဉ်၊ ရဟတ်ယာဉ်များကို စည်းကမ်းစနစ်ကျနစွာဖြင့် ကိုင်တွယ်ပျံသန်းဆောင်ရွက်ပြီး တပ်မတော်၏ဂုဏ်ကို မြှင့်တင်ဆောင်ရွက်ကြရန်လိုကြောင်း။

တပ်မတော်(လေ)၏ သမိုင်းကြောင်းတွင် ပြည်ပကျူးကျော်မှုများ၊ ပြည်တွင်းသောင်းကျန်းမှုနှိမ်နင်းရေးများ၌ တပ်မတော်(ကြည်း)၊တပ်မတော်(ရေ)၊ ပြည်သူတို့နှင့်အတူလက်တွဲပြီး ရှုပ်ရှုပ်ချွံချွံ တာဝန်ထမ်းဆောင်ခဲ့သည်ကိုတွေ့ရှိရကြောင်း၊ တပ်မတော်သမိုင်းသည် နိုင်ငံတော်သမိုင်းနှင့် ခွဲခြား၍မရကြောင်း၊ တပ်မတော်သည် ပြည်ပကျူးကျော်မှုနှင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းနိုင်ရေးအပြင် အမျိုးသားနိုင်ငံရေးတာဝန်များကိုလည်း ထမ်းဆောင်ခဲ့ရကြောင်း၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ခြင်း၊ တိုင်းရင်းသား ပြည်သူအကျိုးစီးပွားကို ဖော်ဆောင်ပေးခြင်းနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်းသည် အမျိုးသားနိုင်ငံရေး အကြောင်းအရာများဖြစ်ကြောင်း၊ ထိုသို့ လုပ်ဆောင်ခြင်းသည် နိုင်ငံ့အရေး တာဝန်ထမ်းဆောင်ခြင်းပင်ဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ အမျိုးသားနိုင်ငံရေးနှင့် နိုင်ငံ့အရေးကိစ္စများတွင် မှန်မှန်ကန်ကန် တာဝန်ထမ်းဆောင်ကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် စစ်ဦးစီးအရာရှိချုပ် (လေ) ဗိုလ်မှူးချုပ်မောင်မောင်ကျော်က လေယာဉ်နှင့် ရဟတ်ယာဉ်များအား တပ်တော်ဝင်အဖြစ် ကြေညာသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်က (၆၈) နှစ်မြောက် တပ်မတော်(လေ) နှစ်ပတ်လည်နေ့နှင့် လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင် အထိမ်းအမှတ် အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

ဆက်လက်ပြီး ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်က ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး တင်အောင်စန်းအား တပ်တော်ဝင် အထိမ်းအမှတ် အမှတ်တရ လက်ဆောင်ပေးအပ်သည်။

ယင်းနောက် (၆၈)နှစ်မြောက် တပ်မတော်(လေ) နှစ်ပတ်လည်နေ့နှင့် လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အခမ်းအနား အထိမ်းအမှတ် လေယာဉ်များ သရုပ်ပြပျံသန်းအလေးပြုခြင်းပြုလုပ်ရာ ပထမဦးစွာ သယ်ယူပို့ဆောင်ရေး ရဟတ်ယာဉ် တစ်စင်းက တပ်မတော်(ကြည်း)အလံကိုချိတ်ဆွဲပြီး ကျန်သယ်ယူပို့ဆောင်ရေး ရဟတ်ယာဉ်နှစ်စင်းက တပ်မတော် (ရေ၊လေ) အလံများကို အသီးသီးချိတ်ဆွဲပျံသန်းကာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ပျံသန်းအလေးပြုကြသည်။

ထို့နောက် လေယာဉ်အမျိုးအစားအလိုက် အချိန်ကိုက်ပျံသန်း အလေးပြုခြင်းကို သရုပ်ပြကြရာ ရဟတ်ယာဉ်သုံးစင်းက အင်္ဂလိပ်အက္ခရာ V ပုံစံ အုပ်စုဖွဲ့ပျံသန်းခြင်း၊ Group အုပ်ဖွဲ့တွင် အမောင်းသင်လေယာဉ် ငါးစင်းက စွန်ပုံသဏ္ဌာန် အုပ်ဖွဲ့ပျံသန်းခြင်း၊ လေယာဉ်အမျိုးအစား မတူညီသော သယ်ယူပို့ဆောင်ရေး လေယာဉ် တစ်စင်းနှင့် အမောင်းသင်လေယာဉ် လေးစင်းတို့က မတူညီကြသည့် လေယာဉ်ငါးစင်း အုပ်ဖွဲ့ပျံသန်းခြင်း၊ သယ်ယူပို့ဆောင်ရေး လေယာဉ် တစ်စင်းနှင့် အမောင်းသင် ဂျက်တိုက်လေယာဉ် လေးစင်းတို့က အမျိုးအစား မတူညီကြသည့် လေယာဉ် ငါးစင်းဖြင့် မြားခေါင်းပုံသဏ္ဌာန် အုပ်ဖွဲ့ပျံသန်းခြင်းတို့ဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ပျံသန်းအလေးပြုကြသည်။

ယင်းနောက် လေယာဉ်ကျွမ်းထိုး သရုပ်ပြအစီအစဉ်ကို ပြသရာ အမောင်းသင် လေယာဉ်နှစ်စင်း အုပ်ဖွဲ့လျက် ထောင်လျက်ကွေ့ပြခြင်း၊ အင်္ဂလိပ်အက္ခရာ 8 ပုံသဏ္ဌာန် နှစ်စင်းတွဲ ပျံသန်းသရုပ်ပြခြင်း၊ နောက်ပြန်ကျွမ်းထိုး နှစ်စင်းတွဲသရုပ်ပြခြင်း၊ ဘေးလှိမ့်ကျွမ်းထိုး နှစ်စင်းတွဲ သရုပ်ပြခြင်း၊ ရှေ့တစ်စင်းအား နောက်မှလိုက်၍ ဝိုင်းပတ်ကျွမ်းထိုးခြင်း၊ လေယာဉ်အား တိမ်းစောင်းဒီဂရီအများဆုံးဖြင့် နှစ်စင်းတွဲ ကွေ့ပြခြင်းနှင့် လေယာဉ် နှစ်စင်းခွဲထွက်ပြီး လေယာဉ်ပြေးလမ်းပေါ်သို့ ပြန်လည်ဆင်းသက်ခြင်းတို့ကို ပျံသန်းသရုပ်ပြကြသည်။

ထို့နောက် (၆၈)နှစ်မြောက် တပ်မတော်(လေ)နေ့ အထိမ်းအမှတ်အဖြစ် ဇီဝိတဒါန ငှက်လွှတ်ခြင်း ဆောင်ရွက်ကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များက ငှက်အကောင်ရေ ၆၈ ကောင်ကို ဘေးမဲ့လွှတ်ပေးကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်တော်ဝင်လေယာဉ်နှင့် ရဟတ်ယာဉ်များအား အမွှေးနံ့သာများ ပက်ဖျန်းပေးကြပြီး လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် (၆၈)နှစ်မြောက် တပ်မတော်(လေ) နှစ်ပတ်လည်နေ့နှင့် လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အခမ်းအနားအောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် မီးရှူးမီးပန်းများ ပစ်လွှတ်ကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် (၆၈) နှစ်မြောက် တပ်မတော်(လေ) နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဓာတ်ပုံပြခန်းနှင့် အမှတ်တရပစ္စည်းအရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မောင်းနှင်ပျံသန်းခဲ့သော လေသူရဲများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယနေ့တွင် ကျရောက်သော (၆၈) နှစ်မြောက် တပ်မတော်(လေ) နှစ်ပတ်လည်နေ့ အခမ်းအနား၌ အရုဏ်ဆွမ်းကပ်ခြင်းနှင့် စစ်ရေးပြအခမ်းအနားတို့ကို ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့် ဦးဆောင်၍ ကျင်းပခဲ့ကြောင်းလည်း သတင်းရရှိသည်။





**(မြဝတီ)**




## ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝန်ကြီးများ အစည်းအဝေး ကင်ညာ၌ ကျင်းပ

**နိုင်ရိုဘီ ဒီဇင်ဘာ ၁၅**

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် (WTO)နိုင်ငံများမှ ဝန်ကြီးများအဆင့်အစည်းအဝေးကို ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့တော်၌ ဒီဇင်ဘာ ၁၅ ရက်က စတင်ကျင်းပခဲ့ပြီး ဒစ်ဂျစ်တယ်နည်းပညာဖြင့် ထုတ်လုပ်ထားသော သွင်းကုန်ပစ္စည်းအချို့အပေါ်တွင် စည်းကြပ်ကောက်ခံသည့် အခွန်အကောက်များကို ပယ်ဖျက်ရန်ရည်ရွယ်ချက်ဖြင့် ကျင်းပခဲ့ခြင်းဖြစ်သည်။ အဆိုပါအစည်းအဝေးသို့ နိုင်ငံပေါင်း ၁၆၂ နိုင်ငံမှ ကုန်သွယ်ရေးဝန်ကြီးများ တက်ရောက်ခဲ့သည်။

ဂျပန်၊ အမေရိကန်၊ ဥရောပသမဂ္ဂ(အီးယူ)၊ တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံတို့ အပါအဝင် စီးပွားရေးကောင်းမွန်သည့် နိုင်ငံပေါင်း ၅၄ နိုင်ငံတို့သည် အဆင့်မြင့်နည်းပညာဖြင့် ထုတ်လုပ်ထားသောကုန်ပစ္စည်း ၂၀၁ မျိုးကို အခွန်အကောက်ပေးရခြင်းမှ ပယ်ဖျက်ရေးအတွက် သဘောတူညီချက်ရရှိရန် ဆွေးနွေးကြမည်ဖြစ်သည်။ ယင်းပစ္စည်းများတွင် ဗီဒီယိုကင်မရာများ၊ ဒီဗွီဒီစက်များ၊ ရုံးလုပ်ငန်းသုံး မိတ္တူကူးစက်များနှင့် ဆေးပညာရပ်ဆိုင်ရာပစ္စည်းကိရိယာများ ပါဝင်သည်။

ဂျပန်ကုန်သွယ်ရေးဝန်ကြီး မိုတူး ဟာရာရှိက ညှိနှိုင်းဆွေးနွေးမှုမှာ နောက်ဆုံးအဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်းနှင့် ယခုဆွေးနွေးပွဲတွင် ဝိုင်းဝန်းဆွေးနွေးဆုံးဖြတ်ရမည်ဟု မျှော်လင့်ကြောင်း သတင်းထောက်များကို ပြောကြားသည်။ ဂျပန်ကုမ္ပဏီအတော်များများသည် အဆင့်မြင့်နည်းပညာနယ်ပယ်တွင် အောင်မြင်မှုများ ရရှိနေပြီး ယခုဆွေးနွေးပွဲရလဒ်ကြောင့် ကုန်ပစ္စည်းပိုမိုတင်ပို့နိုင်ရေးအတွက် အထောက်အကူရရှိနိုင်မည်ဟု မျှော်လင့်လျက်ရှိသည်။

ဝန်ကြီးများသည် ကုန်သွယ်မှုဆိုင်ရာ နယ်ပယ်ကဏ္ဍရှစ်ခုတွင် သဘောတူညီမှုရရှိရေးကို ရည်ရွယ်သည့် ဒိုဟာပတ်လည်လွတ်လပ်စွာကုန်သွယ်ရေးဆိုင်ရာ အနာဂတ်ဆွေးဆွေးပွဲများနှင့် ပတ်သက်၍လည်း ဆွေးနွေးခဲ့ကြသည်။ WTO ဝန်ကြီးများအဆင့် အစည်းအဝေးကို ဒီဇင်ဘာ ၁၈ ရက်ထိ ကျင်းပမည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ။**

## ဗြိတိန်နိုင်ငံ၏ ပထမဆုံးသောအာကာသယာဉ်မှူး နိုင်ငံတကာ အာကာသစခန်းယာဉ်သို့ ထွက်ခွာ

**လန်ဒန် ဒီဇင်ဘာ ၁၅**

ဗြိတိန်နိုင်ငံ၏ ပထမဆုံးသောအာကာသယာဉ်မှူး တစ်ဦးလိုက်ပါသွားသည့် ဆိုယုဇ် ဒုံးပျံယာဉ်ကို ကာဇက်စတန်နိုင်ငံ ဘောကိုနူး အာကာသစခန်းမှ ဒီဇင်ဘာ ၁၅ ရက်တွင်လွှတ်တင်လိုက်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ဗြိတိန်နိုင်ငံ၏ ပထမဆုံးသောအာကာသယာဉ်မှူးမှာ တင်မော်သီနိုင်ဂျယ်ပီယာကေး ဖြစ်သည်။ ၎င်းသည် ဥရောပအာကာသအေဂျင်စီ၏ အာကာသယာဉ်မှူးလည်း ဖြစ်သည်။

အာကာသယာဉ်မှူး ပီယာကေးသည် နိုင်ငံတကာ အာကာသစခန်းယာဉ်၌ ခြောက်လကြာနေထိုင်ကာ သုတေသနလုပ်ငန်းများကို လုပ်ဆောင်မည်ဖြစ်သည်။

တန်ချိန် ၃၁၀ ရှိ ဆိုယုဇ်အာကာသ ဒုံးပျံယာဉ်ကို ဒီဇင်ဘာ ၁၅ ရက် ဂရင်းနစ်စံတော်ချိန် နံနက် ၁၁ နာရီ ၀၃ မိနစ်တွင် လွှတ်တင်ခဲ့သည်။

ပီယာကေးသည် ဗြိတိန်ကြည်းတပ်၏လေကြောင်းတပ်ဖွဲ့တွင် ဗိုလ်မှူးတစ်ဦးအဖြစ်တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပြီး အသက် ၄၃ နှစ်ရှိပြီဖြစ်သည်။

**ရိုက်တာ။**



## ယီမင်ငြိမ်းချမ်းရေးဆွေးနွေးပွဲ ကုလသမဂ္ဂ ကမကထပြုမှုဖြင့် ဆွစ်ဇာလန်၌ ကျင်းပ



**ဂျီနီဗာ ဒီဇင်ဘာ ၁၅**

ယီမင်နိုင်ငံ၏ စစ်ရေးပဋိပက္ခအဆုံးသတ်စေရန် ရည်ရွယ်သည့်ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဆွစ်ဇာလန်နိုင်ငံ၌ ဒီဇင်ဘာ၁၅ရက်တွင် စတင်ကျင်းပကြောင်း ကုလသမဂ္ဂက ပြောကြားသည်။

ကုလသမဂ္ဂက ကမကထပြုကျင်းပသော ငြိမ်းချမ်းရေးဆွေးနွေးပွဲသည် ယီမင်၌ ပဋိပက္ခအဆုံးသတ်စေမည့် ဖြေရှင်းချက်တစ်ရပ်ရရှိရန် ရည်ရွယ်ကြောင်း ကုလသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူ အာမက်ဖော်ဇီကသတင်းထောက်များအား ပြောကြားသည်။

အဆိုပါဆွေးနွေးပွဲကို ဆွစ်ဇာလန်နိုင်ငံရှိ အမည်ဖော်ပြခြင်းမရှိသော နေရာတစ်နေရာတွင် ကုလသမဂ္ဂ၏ အစီအစဉ်ဖြင့် ကျင်းပခြင်းဖြစ်သည်။ ယီမင်နိုင်ငံ၌ထာဝရ အပစ်အခတ်ရပ်စဲမှု ဖြစ်ပေါ်လာစေရန် ကုလသမဂ္ဂက မျှော်မှန်းသည်။

ယီမင်နိုင်ငံ၌ ငြိမ်းချမ်းရေးအခွန့်ရှည်တည်တံ့ပြီး စနစ်တကျ နိုင်ငံရေးအသွင်ကူးပြောင်းမှုရှိရေးမှာ အရေးကြီးကြောင်း ဂျီနီဗာ၌ပြုလုပ်သော သတင်းစားရှင်းလင်းပွဲ၌ ကုလသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ **ရိုက်တာ။**

## Shaheen 1A
## တိုက်ချင်းပစ်ဒုံးကျည် ပါကစ္စတန် အောင်မြင်စွာစမ်းသပ်

**အစ္စလာမ္မာဘတ် ဒီဇင်ဘာ ၁၅**

ကီလိုမီတာ ၉၀၀ ထိ ရောက်ရှိနိုင်သော ထိပ်ဖူးအမျိုးမျိုးသယ်ဆောင်နိုင်စွမ်းရှိသည့် တိုက်ချင်းပစ်ဒုံးကျည် စမ်းသပ်ပစ်ခတ်မှုတစ်ခုကို ပါကစ္စတန်နိုင်ငံက အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့ကြောင်း ပါကစ္စတန်စစ်ဘက်ကပြောကြားသည်။

Shaheen 1A ဟုအမည်ပေးထားသောစမ်းသပ်မှုမှာ တိုက်ချင်းပစ်ဒုံးကျည်စနစ်၏ မြောက်မြားလှစွာသော ပုံစံနှင့် နည်းပညာပိုင်းဆိုင်ရာကန့်သတ်ချက်ဘောင်များကို ပြန်လည်သက်သေပြရန်ရည်ရွယ်ကြောင်း စစ်တပ်ထုတ်ပြန်ချက်တစ်ခုကပြောကြားသည်။

အာရေဗျပင်လယ်အတွင်း ပြုလုပ်ခဲ့သည့် ယခုစမ်းသပ်မှုမှာ ရက်သတ္တပတ်အတွင်း ပါကစ္စတန်၏ ဒုတိယအကြိမ်မြောက် ဒုံးကျည်စမ်းသပ်မှုဖြစ်ကာ ယင်းစမ်းသပ်မှုအား မဟာဗျူဟာမြောက်တပ်ဖွဲ့မှ အကြီးတန်းအရာရှိများ၊ သိပ္ပံပညာရှင်များနှင့် မဟာဗျူဟာမြောက်အဖွဲ့အစည်းများမှ အင်ဂျင်နီယာများက စောင့်ကြည့်လေ့လာခဲ့ကြောင်း အဆိုပါ ထုတ်ပြန်ချက်က ဆိုသည်။

တိုက်ချင်းပစ်ဒုံးကျည် အောင်မြင်စွာစမ်းသပ်နိုင်မှုကို ပြောင်မြောက်သောသမိုင်းမှတ်တိုင်စိုက်ထူနိုင်မှု အဖြစ် သိပ္ပံပညာရှင်များနှင့်အင်ဂျင်နီယာများအား ပါကစ္စတန်သမ္မတနှင့် ဝန်ကြီးချုပ်တို့က လှိုက်လှဲစွာ အသိအမှတ်ပြုချီးကျူးခဲ့ကြသည်။

Shaheen 1A ၏ ခေတ်မီသောပဲ့ထိန်းစနစ်က တိကျမှုမြင့်မားသော ဒုံးကျည်စနစ်ဖြစ်စေကြောင်း မဟာဗျူဟာမြောက်စီမံကိန်းများဌာနခွဲမှ ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မာဇာဂျမီးလ်က ပြောကြားသည်။ ပါကစ္စတန်နိုင်ငံ၏ မဟာဗျူဟာမြောက်စွမ်းပကားများမှာ ဒေသတွင်းငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးဆန္ဒအပေါ် အခြေခံကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

**ဆင်ဟွာ။**

## ၂၀၁၆ ခုနှစ်အတွင်း မြောက်ကိုရီးယားက အဏုမြူဖောက်ခွဲစမ်းသပ်မှုနှင့် ရေငုပ်သင်္ဘောမှ ဒုံးကျည်ပစ်ခတ်မှုပြုလုပ်နိုင်ဟု တောင်ကိုရီးယား ပြောကြား

**ဆိုးလ် ဒီဇင်ဘာ ၁၅**

ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ (မြောက်ကိုရီးယား)သည် လာမည့်၂၀၁၆ ခုနှစ်အတွင်း၌ အဏုမြူစမ်းသပ်ဖောက်ခွဲမှုနှင့် ရေငုပ်သင်္ဘောမှ ဒုံးကျည်စမ်းသပ်ပစ်ခတ်မှုတို့ကိုပြုလုပ်ရန်ကြိုးပမ်းမည်ဟု မျှော်လင့်ရကြောင်း တောင်ကိုရီးယားစစ်ဘက်၏ ဒီဇင်ဘာ ၁၄ ရက် ပြောကြားချက်ကို ကိုးကား၍ ယွန်ဟပ်သတင်းဌာနက သတင်းထုတ်ပြန်သည်။

တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီး ဟန်မင်ကို သဘာပတိအဖြစ်ဆောင်ရွက်သော တပ်မှူးကြီးများအစည်းအဝေးတွင် ကာကွယ်ရေးဝန်ကြီး ဟန်နှင့်အခြားစစ်ဘက်ခေါင်းဆောင်များက မြောက်ကိုရီးယား၏ လက်နက်နည်းပညာဖွံ့ဖြိုးမှုနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

ယခုနှစ် နှစ်ဝက်အတွက်ကျင်းပသော အထက်တန်းတပ်မှူးကြီးများ၏ အစည်းအဝေးတွင် လုံခြုံရေးအခြေအနေ၊ တပ်ဖွဲ့များ၏ စွမ်းဆောင်ရည်နှင့် ကာကွယ်ရေးဆိုင်ရာ အစီအစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ ယင်းအစည်းအဝေးသို့ တောင်ကိုရီးယားစစ်ဘက်အရာရှိ ၁၅၀ ခန့် တက်ရောက်ကြသည်။

ယခုနှစ်အောက်တိုဘာလအတွင်းက တောင်ကိုရီးယား ထောက်လှမ်းရေးအဖွဲ့က လွှတ်တော်အမတ်များအား တင်ပြရာတွင် မြောက်ကိုရီးယားအနေဖြင့် အဏုမြူစမ်းသပ်ဖောက်ခွဲရေးအတွက် ပြင်ဆင်ဆောင်ရွက်နေသော်လည်း လတ်တလောဖောက်ခွဲစမ်းသပ်မည့် လက္ခဏာမတွေ့ရဟု ဖော်ပြခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံသည် အဏုမြူစမ်းသပ်ဖောက်ခွဲမှုများကို ၂၀၀၆၊ ၂၀၀၉နှင့် ၂၀၁၃တို့တွင် အသီးသီးပြုလုပ်ခဲ့သည်။ နောက်ဆုံးအကြိမ်အဏုမြူ စမ်းသပ်ဖောက်ခွဲမှု မပြုမီ နှစ်လခန့်အလို၌ သုံးဆင့်ပေါက်ဒုံးကျည်အမျိုးအစားဖြစ်သည့် အန်ဟာ-၃ကို စမ်းသပ်ပစ်ခတ်ခဲ့သည်။ တောင်ကိုရီးယားက တာဝေးပစ်ဒုံးကျည်အဖြစ် ယူဆရသော အန်ဟာ-၃ဒုံးကျည်ကို မြောက်ကိုရီးယားက ၂၀၁၂ ခုနှစ် ဒီဇင်ဘာလအတွင်း ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။

ယခုနှစ်မေလအတွင်းက ရေငုပ်သင်္ဘောမှ ဒုံးကျည်စမ်းသပ်ပစ်ခတ်မှုအောင်မြင်ခဲ့ကြောင်းနှင့် ယင်းပစ်ခတ်မှုကို ထိပ်တန်းခေါင်းဆောင် ကင်ဂျုံအန် တက်ရောက်ကြည့်ရှုခဲ့ကြောင်း မြောက်ကိုရီးယားအစိုးရက ထုတ်ပြန်ကြေညာခဲ့သည်။

မြောက်ကိုရီးယားစစ်ဘက်သည် ယခုနှစ်နိုဝင်ဘာလအတွင်းက ရေငုပ်သင်္ဘောမှ ဒုံးကျည်ပစ်ခတ်စမ်းသပ်မှုပြုလုပ်ခဲ့သည်ဟု တောင်ကိုရီးယားဘက်က ခန့်မှန်းပြောကြားသော်လည်း ယင်းပစ်ခတ်မှုမှာ မအောင်မြင်အဆုံးသတ်ခဲ့ပုံရသည်ဟုဆိုသည်။

**ဆင်ဟွာ။**

# ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ တတိယအကြိမ်အစည်းအဝေး ဒုတိယနေ့ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၅**

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) တတိယအကြိမ် အစည်းအဝေးဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဟော်ရီဇွန်ဟိုတယ်၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင် မူကြမ်းရေးဆွဲရေးကော်မတီ (FPDDC)က လုပ်ငန်းပြီးမြောက်မှု အခြေအနေကို တင်ပြဆွေးနွေးပြီး နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်တွင် ဆွေးနွေးရန် ကျန်ရှိသည့် အခန်းများနှင့် အချက်များအားဆွေးနွေးခြင်း၊ အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) ဒုတိယဥက္ကဋ္ဌ အစိုးရအစုအဖွဲ့ ကိုယ်စားလှယ် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ဒုတိယဥက္ကဋ္ဌ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အစုအဖွဲ့ကိုယ်စားလှယ် ကရင်အမျိုးသားအစည်းအရုံး (KNU) အထွေထွေအတွင်းရေးမှူး ဖဒိုစောကွယ်ထူးဝင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) ဒုတိယဥက္ကဋ္ဌ နိုင်ငံရေးပါတီများအစုအဖွဲ့ကိုယ်စားလှယ် ဒီမိုကရက်တစ်ပါတီ (မြန်မာ)ဥက္ကဋ္ဌ ဦးသုဝေနှင့် အစုအဖွဲ့ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

(သတင်းစဉ်)



ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) တတိယအကြိမ်အစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

# (၄၁)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ ရန်ကုန်ရခိုင်ဓမ္မာရုံ၌ ဆင်နွှဲ

သတင်း-မင်းသစ်
ဓာတ်ပုံ-ကောင်းမြတ်နိုင်

**ရန်ကုန် ဒီဇင်ဘာ ၁၅**

၂၀၁၅ ခုနှစ် (၄၁)နှစ်မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်အနီး ရခိုင်ဓမ္မာရုံ၌ ကျင်းပသည်။



“ရခိုင်ပြည်နယ်နေ့က ရခိုင်တိုင်းရင်းသားတွေအတွက် အင်မတန်မှတန်ဖိုးရှိတဲ့ နေ့တစ်နေ့ပါ။ ရန်ကုန်မှာ ရခိုင်တိုင်းရင်းသား သုံးသိန်းလောက်ရှိတယ်။ ရန်ကုန်မှာရှိတဲ့ ရခိုင်တွေ ရခိုင်ပြည်နယ်နေ့ကိုကျင်းပခြင်းအားဖြင့် စည်းလုံးညီညွတ်မှုကို ဖော်ဆောင်တယ်။ တစ်ယောက်နဲ့တစ်ယောက် မိတ်ဆွေတိုးပွားတယ်”ဟု ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ရခိုင်တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးဇော်အေးမောင်က ပြောသည်။

ရခိုင်ပြည်နယ်ကို ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်နယ်အဆင့်သို့ သတ်မှတ်ခဲ့ပြီး ပထမအကြိမ် ရခိုင်ပြည်နယ် ပြည်သူ့ကောင်စီက ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုရေးအတွက် ဆန္ဒခံယူပွဲစတင်ကျင်းပသည့် ဒီဇင်ဘာ ၁၅ ရက်ကိုလည်း ရခိုင်ပြည်နယ်နေ့အဖြစ် သတ်မှတ်ခဲ့ကြောင်း အဆိုပါ အခမ်းအနားမှ သိရသည်။

ရန်ကုန်မြို့တွင် ရခိုင်ပြည်နယ်နေ့ကို ၁၉၇၅၊ ၁၉၇၆ နှင့် ၁၉၈၀ ခုနှစ်များတွင် ကျင်းပခဲ့ပြီး ယခုအစိုးရလက်ထက်ကာလ ၂၀၁၀ နောက်ပိုင်းမှစ၍ သုံးကြိမ်မြောက် ပြန်လည်ကျင်းပလာခြင်းဖြစ်ကြောင်း ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်က ပြောသည်။

၂၀၁၀ ခုနှစ်နောက်ပိုင်း ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်လာမှုနှင့် စပ်လျဉ်းပြီး ဦးဇော်အေးမောင်က “ရခိုင်ပြည်နယ်က အများကြီးဖွံ့ဖြိုးတိုးတက်လာတယ်။ လျှပ်စစ်မီးတွေလည်း နေရာအတော်များများမှာ ရနေပြီ။ အရင်တုန်းက လျှပ်စစ်တစ်ယူနစ်ကို ငွေကျပ် ၆၀၀ ကျော်ပေးရတယ်။ အခု တစ်ယူနစ်ကို ၃၅ ကျပ်ဖြစ်သွားတယ်။ ဒါ တိုးတက်မှုပါ။ ရန်ကုန်-စစ်တွေလမ်းလည်း ပြီးသွားပြီ။ ရထားလမ်းတွေလည်း လုပ်နေတယ်။ ဘတ်ဂျက်တွေလည်း တော်တော်ချပေးတယ်။ အရင်ကထက်စာရင် တော်တော်များများ ဖွံ့ဖြိုးတိုးတက်လာပါတယ်”ဟု သုံးသပ်ပြောကြားသည်။

ရခိုင်ပြည်နယ်နေ့ အခမ်းအနားကို ဒီဇင်ဘာ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ရန်ကုန်မြို့ သာကေတမြို့နယ် တိုင်းရင်းသားကျေးရွာတွင် ရခိုင်ရိုးရာကစားနည်းဖြစ်သည့် ကျင်ပြိုင်ပွဲများ၊ ခေတ်လေးခေတ် ဝတ်စားဆင်ယင်မှုပြိုင်ပွဲများ၊ ရခိုင်ရိုးရာ ယဉ်ကျေးမှုအကများဖြင့်လည်း စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။

“ကျင်ရိုးရာဆိုတာ တခြားရိုးရာတွေနဲ့မတူဘူး။ ရှေးနှစ်ပေါင်းများစွာကတည်းက ပေါ်လာတာ။ ကျားပေါ်ယင်နားတော့ ယင်ကိုကျားက ဖမ်းတဲ့နည်း၊ ကျားပေါ် ယင်မနားအောင် ဖမ်းတဲ့နည်းပါ။ ရှေးတုန်းက စစ်သူကြီးတွေကိုလည်း ကျင်ကစားနည်းပြိုင်ပွဲကျင်းပပြီး ရွေးတဲ့ကစားနည်းပါ”ဟု ကျင်ကစားနည်းပြိုင်ပွဲဒိုင် ကိုမောင်မောင်သန်း (ခ) ဝတီရာဇာက ပြောသည်။

“ရခိုင်သားနဲ့ ကျင်ကစားနည်းက ခွဲလို့မရဘူး။ ကျင်ကျင်ရခိုင်သား ကြိုက်တဲ့ကျင်ဆိုတဲ့ စကားပုံလည်းရှိတယ်။ ရခိုင်သားမှန်ရင် ငယ်ငယ်ကတည်းက ကျင်ကစားကြတယ်။ ကျင်ကစားနည်းက အဖမ်းတစ်ယောက်၊ အခံတစ်ယောက်၊ ရခိုင်ပြည်နယ် ပွဲတော်တွေအပြင် အလှူပွဲ၊ ရှင်ပြုပွဲကအစ ကျင်ကစားနည်းကိုထည့်သွင်းကစားတယ်”ဟု ၎င်းက ဆက်လက်ပြောသည်။

“ရန်ကုန်မြို့မှာ ရခိုင်ပြည်နယ်နေ့ကိုကျင်းပတာ လူအားငွေအား နေရာအခက်အခဲတွေ ကြုံရပေမယ့် မျိုးချစ်စိတ်တစ်ခုတည်းနဲ့ လုပ်မယ်ဆိုပြီး ဖြစ်မြောက်အောင် လုပ်ခဲ့ကြတယ်။ လူငယ်တွေကို ရခိုင်ယဉ်ကျေးမှုစိတ်ဝင်စားလာအောင်၊ ရခိုင်သမိုင်းစိတ်ဝင်စားလာအောင်၊ မျိုးချစ်စိတ်ပြင်းထန်လာအောင် ဒီပွဲတွေကနေလက်ဆင့်ကမ်းသွားမယ်”ဟု နွယ်ဝတီ ရခိုင်ရိုးရာ တေးဂီတအဖွဲ့မှ ကိုကျော်ကျော်နိုင်က ပြောသည်။

ရန်ကုန်မြို့တွင် ကျင်းပသည့် ရခိုင်ပြည်နယ်နေ့ အခမ်းအနားတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ရခိုင်ပြည်နယ်၏ လူမှု စီးပွားဘဝမြှင့်တင်နိုင်ရေး စီမံဆောင်ရွက်ရာတွင် လိုအပ်သော အထူးစီးပွားရေးဇုန်များ၊ စက်မှုဇုန်များကို ဒေသခံများ၏ ဆန္ဒသဘောထားများကို အလေးထားလျက် သဘာဝပတ်ဝန်းကျင်ကိုလည်း မထိခိုက်စေဘဲ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ရန်နှင့် အသေးစား၊ အလတ်စား စက်မှုလက်မှုလုပ်ငန်းများကို ဦးစားပေးထူထောင်ပေးရန် တိုက်တွန်းကြောင်း အဆိုတို့ကို တင်သွင်းထောက်ခံမှုများ ပြုလုပ်ခဲ့ကြသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ ရခိုင်တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ရန်ကုန်ရောက် ရခိုင်တိုင်းရင်းသားများ တက်ရောက်ကြသည်။

# ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ နှစ်လအတွင်း နိုင်ငံခြားသားတစ်သိန်းကျော် ရောက်ရှိဖူးမြော်

**ရန်ကုန် ဒီဇင်ဘာ ၁၅**

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ၂၀၁၅ ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလ နှစ်လအတွင်း နိုင်ငံခြားသားတစ်သိန်းကျော် ရောက်ရှိဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သိရသည်။

အောက်တိုဘာလတွင် အများဆုံးရောက်ရှိသည့် ထိုင်းနိုင်ငံသား ၁၂၅၈၇ ဦး အပါအဝင် နိုင်ငံပေါင်း ၃၀ ကျော်မှ နိုင်ငံခြားသား ၄၆၄၈၂ ဦး ရောက်ရှိပြီး နိုဝင်ဘာလတွင် အများဆုံးရောက်ရှိသည့် ထိုင်းနိုင်ငံသား ၁၄၉၁၁ ဦး အပါအဝင် နိုင်ငံပေါင်း ၃၀ ကျော်မှ နိုင်ငံခြားသား ၅၈၉၃၆ ဦး ရောက်ရှိရာ နှစ်လအတွင်း နိုင်ငံခြားသားစုစုပေါင်း တစ်သိန်းကျော်(၁၀၅၄၁၈ ဦး) ရောက်ရှိဖူးမြော်ကြည်ညိုခဲ့ကြောင်း သိရသည်။

(ကိုချစ်)

# ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးဆောင်ရွက်မှု မိနစ်ပိုင်းအတွင်း ဆောင်ရွက်ပေးရန် ညွှန်ကြားထား

**ရန်ကုန် ဒီဇင်ဘာ ၁၅**

ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးဆောင်ရွက်ရာတွင် လိုင်စင်ဓာတ်ပုံနှစ်ပုံတင်ပြလာပါက လိုင်စင်သက်တမ်းတိုးကုန်ကျငွေကျပ် ၃၀၀၀ ထက်မပိုသော ငွေပေးသွင်းမှုဖြင့် မိနစ်ပိုင်းအတွင်း ဆောင်ရွက်ပေးရန် ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ညွှန်ကြားထားကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း မည်သည့်မြို့နယ်တွင်မဆို ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးဆောင်ရွက်ပေးနေမှုများ အဆင်ပြေလွယ်ကူချောမွေ့ရန်နှင့် ငွေကုန်သက်သာစွာဖြင့် အချိန်တိုအတွင်း ပြန်လည်ထုတ်ပေးနိုင်ရေးကို ဝန်ဆောင်မှုပေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ပေးလျက်ရှိရာတွင် ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးဆောင်ရွက်မှုများကို အချိန် ၁၅ မိနစ်အတွင်းပြီးစီးအောင် ပြန်လည်ထုတ်ပေးနိုင်ရန်နှင့် လိုင်စင်ဓာတ်ပုံနှစ်ပုံတင်ပြပါက သက်တမ်းတိုးကုန်ကျငွေကျပ် ၃၀၀၀ ထက်မပိုသော ငွေပေးသွင်းခြင်းများကို အများပြည်သူများ သိရှိစေရန် အသိပေးကြော်ငြာခြင်း၊ သတင်းထုတ်ပြန်ခြင်းများဆောင်ရွက်၍ ကိုယ်တိုင်ပြုလုပ်ခြင်းဖြင့် လွယ်ကူစွာဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း အသိပေးရန် ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်က ဒီဇင်ဘာ ၇ ရက်က လမ်းညွှန်မှာကြားခဲ့သည်။

ယာဉ်မောင်းလိုင်စင်နှင့် မော်တော်ယာဉ်မှတ်ပုံတင် သက်တမ်းတိုးဆောင်ရွက်ရာတွင် ကိုယ်တိုင်ဆောင်ရွက်ခြင်းဖြင့် လွယ်ကူစွာဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ ပွဲစားများ၊ ကိုယ်စားဆောင်ရွက်ခြင်းများကြောင့် မလိုလားအပ်သော ပြဿနာများမဖြစ်ပေါ်စေရန် အသိပေးကြေညာဆောင်ရွက်လျက်ရှိပြီး သတ်မှတ်နှုန်းထားများထက် ပိုမိုတောင်းယူမှု၊ ပေးအပ်မှုများမရှိစေရန် အသိပေးလျက်ရှိသည်။ ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးဆောင်ရွက်ရာတွင် သက်ဆိုင်ရာရုံးများသို့ လာရောက်ပြုလုပ်နိုင်ခြင်းမရှိသူများအတွက် ရန်ကုန်ဘူတာကြီးတွင်လည်းကောင်း၊ ဝါးတန်းလမ်းရုံးတွင်လည်းကောင်း သက်တမ်းတိုးဆောင်ရွက်မှုများ ပြုလုပ်ပေးနေကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်မောင်းလိုင်စင်ထုတ်ပေးထားမှုမှာ ၆၈၂၆၀၂ ဦးခန့်ရှိပြီး (က)လိုင်စင် ၂၉၈၈၄ ဦး၊ (က-၁)လိုင်စင် ၁၃၈ ဦး၊ (ခ)လိုင်စင် ၃၈၃၀၄၇ ဦး၊ (ဂ)လိုင်စင် ကိုးဦး၊ (ဃ)လိုင်စင် ၁၆၁၃၄၅ ဦး၊ (င)လိုင်စင် ၁၁၇၀ တို့ဖြစ်ကြောင်း သိရသည်။

**ဆုနှင်းလဲ့**

# နာဂစ်လိုလျှော့မတွက်သင့်တဲ့ အယ်လ်နီညိုရာသီကာလရဲ့ခြောက်သွေ့ပူပြင်းကာလရှည်ကြာ စိုးရိမ်ဖွယ်ရာ

## ဒေါက်တာထွန်းဝင်း (စိုက်ပျိုးရေး)

**ကမ္ဘာနဲ့ အာရှဒေသက စိုးရိမ်ပူပန်မှု**

ကမ္ဘာ့ရာသီဥတုသုံးသပ်အကြံပေးအဖွဲ့ဖြစ်တဲ့ ဂျာမနီနိုင်ငံ ဘွန်းမြို့ အခြေစိုက် German Watch အဖွဲ့ရဲ့ ကမ္ဘာ့ရာသီဥတုအန္တရာယ်အညွှန်းကိန်း အရ ၁၉၉၅ မှ ၂၀၁၄ ခုနှစ်အတွင်း သဘာဝဘေးဒဏ် အခံစားရဆုံး နိုင်ငံ များတွင် ဟွန်ဒူးရပ်(စ်)ပြီးလျှင် မြန်မာနဲ့ ဟေတီနိုင်ငံတို့က ဒုတိယနှင့် တတိယ နေရာယူလို့ ဒီအနှစ် ၂၀ ကာလအတွင်းမှာ လူပေါင်း ငါးသိန်းကျော် သေဆုံးခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ ထရီလီယံ နီးပါးရှိခဲ့ကြောင်း သိရှိရပါတယ်။

အခုလို ကမ္ဘာတစ်ဝန်းမှာ ကျောက်မီးသွေး၊ ဓာတ်ဆီ၊ ဒီဇယ်၊ ရေနံ ကဲ့သို့သော သဘာဝရုပ်ကြွင်းလောင်စာများကိုသာဆက်ပြီး အသုံးပြုသွားမယ် ဆိုရင် ယင်းတို့မှ နေ့စဉ်ထုတ်လုပ်သော ကာဗွန်ဒိုင်အောက်ဆိုက် အစရှိသည့် ဖန်လုံအိမ်အာနိသင်ဖြစ်စေတဲ့ ဓာတ်ငွေ့များကြောင့် နာဂစ်လိုမုန်တိုင်းကြီး များ၊ ရေကြီးနစ်မြုပ်ခြင်းများ၊ ပူပြင်းခြောက်သွေ့ပြီး မိုးခေါင်ရေရှားခြင်းများ၊ ရေခဲတောင်များ အရည်ပျော်မှုကြောင့် ပင်လယ်ရေမြင့်တက်လာပြီး ကမ်းရိုး တန်းဒေသများနဲ့ ကျွန်းစုများ ရေကြီးနစ်မြုပ်မှုခံရခြင်းစတဲ့ ခြိမ်းခြောက်ခံရမှု များကို မလွဲမသွေရင်ဆိုင်ရမည်ဖြစ်ကြောင်း ကမ္ဘာ့နိုင်ငံပေါင်း ၁၉၅ နိုင်ငံ ခေါင်းဆောင်များက ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကြောင့် သဘာဝဘေးဒဏ် များ ကြိုတင်ကာကွယ်ပြင်ဆင်ရေးညီလာခံကျင်းပရာ ပြင်သစ်နိုင်ငံ ပါရီမြို့ ၌ ယခင် နှစ်ပတ်က စိုးရိမ်သောကကြီးစွာ ဆွေးနွေးညှိနှိုင်းလျက်ရှိပါတယ်။

အောက်တိုဘာ ၂၈ ရက်ကနေ ၃၀ ရက်နေ့ထိ ကမ္ဘာ့ဆန်စပါးနှစ်ပတ် လည်ညီလာခံကျင်းပရာ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့မှာလည်း အဓိက ရှော့ခ်ဖြစ်နေတဲ့အကြောင်းကလည်း ဒီနှစ် ၂၀၁၅ နဲ့ ၂၀၁၆ အတွင်းမှာ ဖြစ်လာမည့် အယ်လ်နီညိုသဘာဝဘေးဒဏ်ကြောင့် ကမ္ဘာ့ဆန်စပါးထုတ်လုပ် မှု အဓိကကျတဲ့ မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများတွင် ဆန်စပါးထုတ်လုပ်မှုကျဆင်းပြီး ၂၀၁၆ ခုနှစ်အတွင်း ဆန်စပါးဈေးနှုန်းတွေ ကြီးမြင့်လာမယ်လို့ ခန့်မှန်းကြပါတယ်။ အထူးသဖြင့် ကမ္ဘာ့ဆန်ထုတ်လုပ်တဲ့ နိုင်ငံတွေအားလုံးမှာ Ending Stock ခေါ်တဲ့ ကမ္ဘာ့ဆန်လက်ကျန် တစ်နည်း အားဖြင့် အရေးပေါ်စားနပ်ရိက္ခာ ဆန်လက်ကျန်မှာ ယခင်နှစ်များထက် အလွန်နည်းပါးပြီး စိုးရိမ်ဖွယ်အနေအထားရှိတဲ့အတွက် ယခုအချိန်မှစ၍ ဆန်ထုတ်လုပ်မှုလုပ်ငန်းတွင် ပါဝင်ပတ်သက်လျက်ရှိတဲ့ တောင်သူလယ် သမား၊ ဆန်စက်ပိုင်ရှင်၊ ဆန်ကုန်သည်၊ အစိုးရနဲ့ NGO အဖွဲ့အစည်းတွေက အယ်လ်နီညိုကြောင့် ဆန်မလုံလောက်မှုပြဿနာအတွက် ကြိုတင်ပြင်ဆင်သင့် ပြီဖြစ်ကြောင်း အလေးအနက်ထားပြီး သတိပေးဆွေးနွေးခဲ့ကြပါတယ်။

**ကျွန်တော်တို့ ရွှေမြန်မာနိုင်ငံရဲ့ စိုးရိမ်ပူပန်မှု**

ကျွန်တော်တို့နိုင်ငံမှာတော့ ရွေးကောက်ပွဲကာလနဲ့လည်း တိုက်ဆိုင် နေတာမို့ ဒီအာရှနိုင်ငံ၊ ကမ္ဘာ့နိုင်ငံတွေက အရေးတယူစိုးရိမ်ပူပန်နေတဲ့ အယ်လ်နီညိုသဘာဝဘေးဒဏ်နဲ့ အပူချိန်မြင့်မားမှုဒဏ်တွေကို ပြည်သူရော အစိုးရကပါ သတိမပြုနိုင်ကြသေးဘူး။ ပြည်သူလူထုအားလုံးအနေနဲ့လည်း အယ်လ်နီညိုအရေးထက် ပိုလို့အရေးကြီးတဲ့ ပြည်သူ့အစိုးရထံ အာဏာ တရားဝင် လွှဲပြောင်းပေးရေးအတွက် စိတ်မော၊ လူမောဖြစ်နေကြရလို့ ဒီသဘာဝဘေးဒဏ်အပေါ် အာရုံမရောက်နိုင်သေးပါဘူး။ ပြင်ပရဲ့ ပူလောင်မှု ဒဏ်ထက် ရင်ထဲကအပူတွေက ပိုပြီးပြင်းထန်ကြပုံပေါ်ပါတယ်။ အစိုးရပိုင်း အနေနဲ့လည်း အာဏာလွှဲပြောင်းရေးရဲ့ စပ်ကူးမပ်ကူးကာလလည်းဖြစ်၊ ဒီအယ်လ်နီညိုသဘာဝဘေးဒဏ်ကိုလည်း နာဂစ်တုန်းကလိုမျိုး လျှော့တွက် ထားပုံရပါတယ်။ ဘယ်လိုမျိုးသော အစိုးရရဲ့ စိုးရိမ်ပူပန်မှုဖြင့် ဒီလိုနိုင်ငံ တကာက ကြိုတင်အရေးတယူစီစဉ်ဆောင်ရွက်တာမျိုးကို လုံးဝမတွေ့ မြင်ရ သေးပါဘူး။ လက်တွေ့မှာတော့ ယမန်နှစ်က ဆန်ဈေးနှုန်းထက် ယခုလက်ရှိ ဈေးနှုန်းသည် ဧည့်မထဆန်မှာ ယခင်နှစ်ထက် ဆန်တစ်အိတ်ကို ၂၀၀၀- ၃၀၀၀ ကျော် ပိုမြင့်နေပြီး ပေါ်ဆန်းမွှေးဆန်တစ်အိတ်မှာ ကျပ် ၅၀၀၀ ဈေးအထိ ပိုမိုမြင့်တက်လို့နေတယ်။ ကြက်သွန်နီဈေးမှာ ယခင်ကတစ်ပိဿာ ကို ယမန်နှစ်က ကျပ် ၆၀၀-၈၀၀ ကနေ ယခုဆို ကျပ် ၄၀၀၀ ဖြစ်လာတာ ကြည့်ရင် ဒါဟာ ပြီးခဲ့တဲ့မိုးကာလရဲ့ ရေကြီးနစ်မြုပ်မှုဒဏ်ရဲ့ အကျိုးဆက် ဆိုတာ အထင်အရှားတွေ့ရတယ်။ ဒီကြားထဲ ငွေကြေးဖောင်းပွမှုကြောင့် တစ်ဒေါ်လာ ကျပ် ၁၀၀၀ ဝန်းကျင်ကနေ ကျပ် ၁၃၀၀ ထိဖြစ်လာတယ်။ အခုလည်း ရွှေ့ဆက် ငါးလလောက် မိုးခေါင်ရေရှား၊ အပူချိန်ပြင်းတဲ့ နေ့ရက် တွေမှာဆိုရင်တော့ သီးနှံစိုက်ပျိုးရေးတွေက အလုပ်မဖြစ်နိုင်တဲ့အတွက် အစားအစာ ရှားပါးလာသလို အဓိကသောက်သုံးရေပါ ရှားပါးလာမှာဖြစ်လို့ အစိုးရနဲ့ ပြည်သူတွေဘာကို ကြိုတင်ပြင်ဆင်သင့်တယ်ဆိုတာကို ယခုအချိန် ကစပြီး စီမံဆောင်ရွက်သင့်ပြီဖြစ်ပါတယ်။

**အယ်လ်နီညိုဆိုတာ ချိုနဲ့လားကွဲ့**

ဒါဆို ဒီအယ်လ်နီညို (El Nino) ဆိုတာဘာပါလဲ။ ပစိဖိတ်သမုဒ္ဒရာရဲ့ ရေမျက်နှာပြင်ကရေသည် ပူနွေးမှုကာလရှည်ကြာဖြစ်ပေါ်လာခြင်းဖြစ်ပါ တယ်။ အကြောင်းရင်းကို သုတေသနပြုနေဆဲဖြစ်ပေမယ့် ကမ္ဘာကြီးပူနွေးလာမှု ဆိုတဲ့ Climate Change ကြောင့်လို့ ယူဆကြတယ်။ ဒီဖြစ်စဉ်က နှစ်နှစ်မှ ခုနစ်နှစ်ကြာတိုင်းဖြစ်လေ့ရှိပြီး တစ်ကြိမ်ဖြစ်ရင် ခုနစ်လမှ ကိုးလရှည်ကြာတယ်။

လက်ရှိပစိဖိတ်သမုဒ္ဒရာမျက်နှာပြင်အပူချိန်ဟာ နိုဝင်ဘာ ၁၈ ရက်ဆို ရင် ပုံမှန်ထက် ၃ ဒသမ ၁ ဒီဂရီစင်တီဂရိတ် ပိုမိုနေလို့ ပုံမှန်သတ်မှတ်ချက် သုည ဒသမ ၅ ဒီဂရီစင်တီဂရိတ်ထက်များစွာ ပူပြင်းနေပါတယ်။ ရေပူတွေက အငွေ့ပျံမှုကြောင့် ပင်လယ်နဲ့ဆက်စပ်တဲ့ ဒေသတိုင်းပြည်တွေမှာ အချိန်အခါ မဟုတ်မိုးရေ အခုလို သည်းထန်စွာရွာမယ်။ ပြီးရင် ရှည်ကြာတဲ့ခြောက်သွေ့မှု ကာလ (Drought) ဖြစ်ပေါ်စေတယ်။

ဒီဖြစ်စဉ်သည် လွန်ခဲ့တဲ့သက္ကရာဇ် ၂၀၀၀ ကစလို့ ၂၀၁၀ အထိ နှစ်စဉ်လိုလိုဖြစ်လို့နေပါတယ်။ National Oceanic Omel Atmospheric Administration (NOAA) ရဲ့ဂြိုဟ်တုမှတ်တမ်းတွေအရ El Nino သည် ၂၀၁၅ ရဲ့ ဆောင်းဦးနဲ့ ဆောင်းရာသီမှ အရှိန်ပြင်းထန်ပြီး ၂၀၁၆ အခုလိုနွေဦး ရာသီတစ်လျှောက် ဆက်လက်ဖြစ်ပေါ်မယ်လို့ ခန့်မှန်းထားပါတယ်။

ကျွန်တော်တို့ နိုင်ငံရဲ့ မိုးလေဝသပညာရှင်တစ်ဦးဖြစ်တဲ့ ဒေါက်တာ ထွန်းလွင်က အယ်လ်နီညိုကြောင့် ၂၀၁၅ နိုဝင်ဘာအလွန်မှာ အချိန်အခါ မဟုတ် မိုးတွေရွာမယ်။ ၂၀၁၆ ဇန်နဝါရီ၊ ဖေဖော်ဝါရီလတွေမှာ အေးပြီး ခြောက်သွေ့မယ်၊ မတ်၊ ဧပြီမှာ အလွန်အပူချိန်ပြင်းပြီး စုစုပေါင်း ခြောက်သွေ့ကာလ ငါးလရှိမယ်လို့ ကြိုတင်ခန့်မှန်းထားပါတယ်။

**သောက်သုံးရေနဲ့ စိုက်ပျိုးရေပြဿနာ**

ယခုအချိန်ကစပြီး ဒီကာလတစ်လျှောက်မှာ လူ၊ တိရစ္ဆာန်၊သီးနှံပင်အားလုံး အတွက် အဓိကအလိုအပ်ဆုံးပြဿနာက "သောက်သုံးရေနဲ့ စိုက်ပျိုးရေ" ရှားပါးမှုပြဿနာပါပဲ။ ဒီလိုဆိုရင် ဒီလူ၊ တိရစ္ဆာန်၊ သီးနှံပင်တို့ရဲ့ ရေအသက်က တစ်မနက်ဆိုတဲ့ ရေရှားပါးမှုသည် ကျွန်တော်တို့နိုင်ငံအနေအထားမှာ ဘယ်လောက် အထိအရေးပါနေပါသလဲ။ ဦးထွန်းလွင်ရဲ့ အဆိုအရ ကမ္ဘာရဲ့အပူချိန် တစ်ဒီဂရီစင်တီဂရိတ်တိုးလာရင် ရေအရင်းအမြစ်တွေ စတင်လျော့ကျလာမယ်။ နှစ်ဒီဂရီစင်တီဂရိတ်တိုးလာရင် မြစ်ချောင်းအင်းအိုင်တွေ ခန်းခြောက်လာမယ်။ သုံးဒီဂရီစင်တီဂရိတ်တိုးလာရင် မြေအောက်ရေတွေ လျော့ကျလာမယ်။ ယခု ကျွန်တော်တို့ မြန်မာပြည်ရဲ့ လက်ရှိအပူချိန်က ပုံမှန်ထက် နွေရာသီကာလ မှာပုံမှန်ထက် နှစ်ဒီဂရီစင်တီဂရိတ်က သာသာလေး ပိုနေလေတော့ အင်းအိုင်၊ ရေတွင်း၊ ရေကန်၊ ဆည်တွေအားလုံး ခန်းခြောက်နေတာကို အထင်အရှား တွေ့နိုင်ပါတယ်။ နေပူရှိန်ပြင်းလေ ရေငွေ့ပျံနှုန်း (Evaporation) မြင့်လေဆိုတာ မြေအပေါ်ယံရေလှောင်ထားနိုင်တဲ့ အင်းအိုင်၊ ရေတွင်း၊ ရေကန်၊ ဆည်တွေ ခန်းခြောက်တာ မဆန်းပေဘူး။ အခု ဆိုရင်ပဲ သာစည်မြို့ရဲ့ ကျက်သရေ မြန်မာမင်းများတည်ဆောက်ခဲ့တဲ့ မင်းလှကန်ကြီးသည် လုံးဝခန်းခြောက်သွားပြီ။ ဆက်ပြီးအနီးနားက မိတ္ထီလာ၊ အင်းလေးကန်နဲ့ မြန်မာပြည်အနှံ့က ဆည်တွေက ရေတွေ ခန်းခြောက်လာရော့မယ်။ နှစ်ဒီဂရီစင်တီဂရိတ်ထက်ပိုလာနိုင်ခြေရှိ တဲ့ ၂၀၁၆ ခုနှစ် အပူချိန်သည် သုံးဒီဂရီစင်တီဂရိတ်ပိုလာရင်တော့ မြေအောက် ရေတွေပါ လျော့ကျလို့ မြန်မာပြည်အနှံ့က စက်ရေ တွင်းကရေကိုပါ စိုးရိမ်ဖွယ် ရာရှိနေပါတယ်။ ဒီဖြစ်စဉ်တွေက လွန်ခဲ့တဲ့ ၂၀၁၀ လောက်ကထဲက စတင်လို့ ခံစားနေရတဲ့ ကမ္ဘာကြီးပိုမိုပူနွေးလာခြင်းကြောင့် ထင်သာမြင်သာအကျိုးဆက် တွေပါပဲ။

**ရေနဲ့ သက်ရှိသတ္တဝါနဲ့ သီးနှံပင်တွေမှာ အရေးပါမှု**

လူ၊ သတ္တဝါများနဲ့ သီးနှံပင်တွေရဲ့ ခန္ဓာကိုယ်အတွင်းမှာ ရေသည် ၉၀ ရာခိုင်နှုန်းလောက်ပါဝင်ဖွဲ့စည်းထားတယ်။ ရေအသက် တစ်မနက်ဆိုတဲ့အတိုင်း ရေမလုံလောက်တာနဲ့ အသက်အန္တရာယ်အထိ ထိခိုက်နိုင်တော့ ရေအရင်း အမြစ်များ ခန်းခြောက်လာမှုပြဿနာသည် လူအများစုရဲ့အသက်ကို ရှင်သန် စေသော အဓိကအကြောင်းများဖြစ်သည့် ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေးအားလုံးကို ထိခိုက်စေပြီး တိုင်းပြည်၏ အဓိကတွေ့ကြုံရင်ဆိုင်ရမည့် နိုင်ငံ့အရေးပင်ဖြစ်ပါသည်။

သီးနှံပင်များအတွက် အရေးပါမှုကတော့ သီးနှံပင်များ တောင့်တင်း ခိုင်ခံ့စွာ ရပ်တည်နိုင်ဖို့ရေးအတွက် ထောင့်တိုင်တစ်ခု ထောက်ကန်ပေးသလို အမြစ်ကစုပ်ယူပေးတဲ့ရေကို အရွက်တွင် နေရောင်ခြည်စွမ်းအားဖြင့် ဖြိုခွဲပြီး လေထဲက ကာဗွန်ဒိုင်အောက်ဆိုက်ဖြင့် ပေါင်းစပ်စေခြင်းဖြင့် ကစီဓာတ်ကိုရရှိ ကာ ဆန်၊ ပြောင်း၊ ဂျုံ စသည့် သီးနှံများကို လူ၊ တိရစ္ဆာန်များက စားသုံးနိုင် ခြင်းဖြစ်ပါသည်။ ဒီကစီဓာတ်ကိုပဲ ပဲမျိုးဝင်သီးနှံတွေမှာ ပရိုတင်းအဖြစ် ပြောင်းလဲဖွဲ့စည်းပေးလို့ အသားဓာတ်တွေကိုရရှိစေတာ ဖြစ်ပါတယ်။ ဒါကြောင့် ရေကိုအကြောင်းပြုပြီးမှ သီးနှံတွေက လူ၊ တိရစ္ဆာန်တွေအတွက် အရေးပါတဲ့ အာဟာရဓာတ်တွေ၊ ဆေးဝါးပစ္စည်းတွေ၊ နေထိုင်စရာအဆောက် အအုံတွေကို ထောက်ပံ့ပေးနိုင်ခြင်းဖြစ်တယ်။

**အပူချိန်မြင့်မားမှုကြောင့် လူ၊ တိရစ္ဆာန်များနဲ့ သီးနှံပင်များအပေါ် အကျိုးသက်ရောက်မှု**

လူ၊ တိရစ္ဆာန်နဲ့ သီးနှံပင်တွေသည် ပုံမှန်ရာသီအနေအထားကောင်း ဖြစ်တဲ့ နေ့ညအပူချိန် ၃၅-၂၂ ဒီဂရီ စင်တီဂရိတ်အတွင်းမှာဆိုရင် သူတို့ရဲ့ လက်ရှိအသက်ရှင်ဖို့နဲ့ ကြီးထွားဖို့အတွက် လူ၊ သတ္တဝါတွေအတွက် သူတို့ စားသုံးလိုက်တဲ့အစာတွေကိုလည်းကောင်း၊ အပင်တွေအတွက် သူတို့နေရောင် ဖြင့် ချက်ပြီးထားတဲ့ ကစီဓာတ်၊ ပရိုတင်းဓာတ်တွေကိုလည်းကောင်း၊ လေထဲ က အောက်ဆီဂျင်ကိုရှူသွင်းပြီး ဓာတ်တိုးစေခြင်းဖြင့် လူ၊ တိရစ္ဆာန် အပင်တွေ ရဲ့ လက်ရှိ အသက်ရှင်ကြီးထွားဖို့အတွက် Adenosine Tri Phosphate (ATP) ခေါ်တဲ့ စွမ်းအားတွေကို ထုတ်ပါတယ်။ ဒါကိုကြီးထွားရှင်သန်မှု ဖြစ်စေတဲ့ အသက်ရှူမှုဖြစ်စဉ် (Growth Respiration) လို့ခေါ်တယ်။ အကယ်၍ ပုံမှန်အပူချိန်ထက် အနိမ့်အမြင့်ရှိလာခဲ့ရင် ဥပမာအားဖြင့် အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်အထက်နဲ့ ညအပူချိန် ၁၈ ဒီဂရီစင်တီဂရိတ် အောက်သို့ ကျဆင်းသွားမယ်ဆိုရင် တစ်နည်းအားဖြင့် အခုလို အယ်လ်နီညို ကြောင့် ရှည်ကြာတဲ့ ငါးလတာမှာ အပူချိန်ပြင်းအောက်မှာ အသက်ရှင်သန်ရ မယ်ဆိုရင် လူ၊ တိရစ္ဆာန်၊ အပင်တွေအားလုံးသည် အထက်ဖော်ပြပါ အသက် ရှင်ကြီးထွားဖို့ အတွက် Growth Respiration အသက်ရှူမှုလုပ်ငန်းကို မလုပ်နိုင်တော့ဘဲ အပူချိန်ပြင်းဒဏ်ကို ခံနိုင်ရည်ရှိဖို့ မိမိတို့ခန္ဓာကိုယ်အတွင်း မှာ သိုလှောင် သိမ်းဆည်းထားတဲ့ ကစီဓာတ်၊ အဆီဓာတ်၊ လစ်ပစ်၊ ပရိုတင်း ဓာတ်ပေါင်းတွေ ကို လေထဲက အောက်ဆီဂျင်ကို ရှူသွင်းပြီး ဓာတ်တိုးစေခြင်း ဖြင့် စွမ်းအားတွေကို ထုတ်လုပ်ပြီး အပူဒဏ်ကို ခုခံကာကွယ်အသက်ရှင် သန်ကြတယ်။

ဒီဖြစ်စဉ်ကို ကာကွယ်ထိန်းသိမ်းရေးဖြစ်စဉ် (Maintenance Respiration) လို့ ခေါ်ပါတယ်။ ထင်ရှားတဲ့ ဥပမာပြောရရင် တိုက်ဖွိုက်ရောဂါ သည် တစ် ယောက်အစာကိုစားခွင့်မရတော့တဲ့အတွက် သူရဲ့နှလုံးအလုပ်လုပ် နိုင်ဖို့ စွမ်းအားကို ခန္ဓာကိုယ်တွင်းမှာ ယခင်က စုဆောင်းသိုလှောင်ထားတဲ့ ကစီဓာတ်၊ ပရိုတင်း ဓာတ်၊ အဆီဓာတ်၊ လစ်ပစ်ဓာတ်ပေါင်းတွေကို လေထဲက အောက်ဆီဂျင်ကို ရှူသွင်းပြီး ဓာတ်တိုးဖြိုခွဲကာ စွမ်းအား ATP ကိုထုတ်ပြီး အသက်ရှင်သန် ရလေတော့ တိုက်ဖွိုက်ဝေဒနာရှင်ဟာ ကျောနဲ့ရင်နဲ့ကပ်ပြီး ပိန်ချုံးကျ သွားရ ခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့ လူ၊ တိရစ္ဆာန်၊ သီးနှံပင်တွေမှာ ပြင်ပပတ်ဝန်းကျင်ရဲ့ ဘယ်လိုမျိုးသော ဖိအားပေးမှုတွေဖြစ်တဲ့ ရေကြီးနစ်မြုပ် ခံရခြင်း၊ မိုးခေါင်ရေငတ်ခြင်းနှင့် ထိခိုက်ဒဏ်ရာရခြင်းများ ခံစားရမယ်ဆိုရင် သူတို့အားလုံးသည် အသက်ဆက်ရှင်သန်နိုင်ဖို့ အခုလိုကိုယ်တွင်းစာတွေကို ချေဖျက်ပြီးခုခံကာကွယ်ကြတာမို့ ဒီလိုတွေ့ကြုံခံစားရတဲ့ သက်ရှိအပေါင်း သည် ကြီးထွားမှု ယုတ်လျော့သွားပြီး အင်အားချို့တဲ့ကာ သီးနှံပင်များ အနေဖြင့် အထွက်နှုန်းလျော့ကျရခြင်း ဖြစ်ပါတယ်။

ဒီလိုသဘာဝဘေးဒဏ် ခံစားရပြီဆိုရင် လူသားသည်သာလျှင် အသိ တရားဖြင့် မိမိတို့အသက်ရှင်ရာရှင်ကြောင်း ဖန်တီးနေထိုင်နိုင်ပြီး အသိတရား မရှိတဲ့ တိရစ္ဆာန်နဲ့ သီးနှံပင်များအတွက် လူသားများ ကာကွယ်စောင့်ရှောက် ပေးမှသာ ဆက်လက်ရှင်သန် နိုင်သည်မို့ လူသားတွေအနေနဲ့ မိမိအတွက် သာ ကိုယ်လွတ်မရုန်းသင့်ဘဲ မိမိအသက်ဆက်ရှင်သန်ရေးအတွက် အစာ အာဟာရအဖြစ် မရှိမဖြစ်လိုအပ်တဲ့ တိရစ္ဆာန်နဲ့အပင်များကိုပါ ကာကွယ် ထိန်းသိမ်း စောင့်ရှောက်ဖို့လိုပါတယ်။

**မြန်မာပြည်ရဲ့ နွေအခါ ရေပြဿနာ**

မြန်မာပြည်ရဲ့ စိုက်ပျိုးမြေစုစုပေါင်းဧရိယာရဲ့ ၉၀ ရာခိုင်နှုန်းသည် မိုးရေသောက်လယ်များဖြစ်ပြီး ၁၀ ရာခိုင်နှုန်းသာ ဆည်ရေသောက်ဖြစ်တယ်။ ဒီဆည်အားလုံးနီးပါးကလည်း နွေစိုက်ပျိုးချိန်ဆိုရင်ပဲ အပူချိန်ဒဏ်ကြောင့် ခန်းခြောက်ကုန်ကြလို့ မြန်မာပြည်ရဲ့ ဆောင်းနဲ့ နွေအခါမှာ လူများအတွက် သောက်သုံးရေ၊ သီးနှံပင်များအတွက် စိုက်ပျိုးရေနှင့် အိမ်မွေးတိရစ္ဆာန်များဖြစ် တဲ့ ကြက်၊ ဝက်၊ သိုး၊ ဆိတ်၊ နွားများအတွက် သောက်သုံးရေကို ဘယ်လိုဖြေ ရှင်းကြပါမလဲ။ အစဉ်အလာအရ မိုးခေါင်ဒေသအညာပိုင်းမှာ ကျွဲ၊ နွားစာ အတွက် ကုက္ကိုပင်များကို ခုတ်ကျွေးလို့ရပေမယ့် အခုလိုကြာရှည်ခြောက်သွေ့ ကာလမှာ သည်အပင်တွေလည်းရှင်သန်နိုင်မယ် မထင်ပါဘူး။ ဒီလိုဆိုရင် ဒီလိုမိုးခေါင်ရေရှားဒေသရဲ့ ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ကြက်၊ ဘဲ၊ ဝက်စာတွေ အတွက် ဘယ်လိုဖြေရှင်းမလဲ။

အမှန်တော့ တိရစ္ဆာန်အစားအစာမှာ ၈၀ရာခိုင်နှုန်းသည် ဆန်၊ ဆန်ကွဲ၊ ဖွဲ၊ ပြောင်းဆန်ဖြစ်ပြီး ကျန် ၂၀ ရာခိုင်နှုန်းသည် ပုစွန်ဖွဲ၊ ငါးခြောက်ကို သုံး ပါတယ်။ အခုအခါမှာ ပုစွန်ဖွဲ၊ ငါးခြောက်အစား ပဲပုပ်၊ ဆန်ကွဲ (Soil bean Meal)ကို ဈေးသက်သက်သာသာဖြင့် ပုစွန်ဖွဲ၊ ငါးခြောက်နေရာ အစားထိုးသုံးနိုင်လို့ တိရစ္ဆာန်အစားအစာ ၁၀၀ရာခိုင်နှုန်းသည် လယ်ယာ သီးနှံထွက်ပစ္စည်းများဖြစ်ပါသည်။ ဒါကြောင့် အခုလိုရေကြီး၊ မိုးခေါင်ပူပြင်း ကာလရှည်မှာ စိုက်ပျိုးရေးသီးနှံတွေ စိုက်ပျိုးလို့မရတဲ့အခါ တိရစ္ဆာန်များ အတွက် အစားအစာကိုပါ ထိခိုက်စေတာကြောင့် ဒီလိုလာမယ့် ပူပြင်းရက် ကာလရှည်မှာ လူသာမက တိရစ္ဆာန်၊ ငါးနှင့် သီးနှံပင်များ အသက်ရှင်ရေးကို ခြိမ်းခြောက်လို့နေပါတယ်။

**သဘာဝဘေးဒဏ် ခံစားရပြီဆိုရင် လူသားသည်သာ လျှင် အသိတရားဖြင့် မိမိတို့အသက်ရှင်ရာရှင်ကြောင်း ဖန်တီးနေထိုင်နိုင်ပြီး အသိတရားမရှိတဲ့ တိရစ္ဆာန်နဲ့ သီးနှံပင်များအတွက် လူသားများ ကာကွယ်စောင့်ရှောက် ပေးမှသာ ဆက်လက်ရှင်သန်နိုင်သည်မို့ လူသားတွေအနေနဲ့ မိမိအတွက်သာ ကိုယ်လွတ်မရုန်းသင့်ဘဲ မိမိအသက် ဆက်ရှင်သန်ရေးအတွက် အစာအာဟာရအဖြစ် မရှိမဖြစ် လိုအပ်တဲ့ တိရစ္ဆာန်နဲ့ အပင်များကိုပါ ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ဖို့လို။**

စာမျက်နှာ ၇ သို့ »»

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# နိုင်ငံတကာအဆင့်မီ အခွန်စနစ်ဖြစ်ပေါ်လာစေရေး တာဝန်ရှိသည့် ဌာနအဖွဲ့အစည်းများက ဆောင်ရွက်သွားမည်ဖြစ်

**နေပြည်တော် ဒီဇင်ဘာ ၁၅**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပပြီး ဥပဒေကြမ်း(၁)ခုတင်သွင်းခြင်းနှင့် ဥပဒေကြမ်း(၃)ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းကို ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းရှိန်က လွှတ်တော်သို့တင်သွင်းသည်။

ထိုသို့တင်သွင်းရာတွင် ပြည်ထောင်စုဝန်ကြီးက ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းသည် အခန်း(၈)ခန်း၊ ပုဒ်မ ၃၉ ခုပါဝင်ပါကြောင်း၊ ယင်းဥပဒေကြမ်းကို ရေးဆွဲရာတွင် ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကို အခြေခံ၍ ပြင်ဆင်၊ ပယ်ဖျက်၊ ဖြည့်စွက်ခြင်းများဆောင်ရွက်ပြီး ရေးဆွဲခဲ့ပါကြောင်း။

ယခုဥပဒေကြမ်းတွင် အခွန်အမျိုးအစား အသစ်(၁)ခု ဖြည့်စွက်ခြင်း၊ အခွန်အမျိုးအစား (၁)ခု ပယ်ဖျက်ခြင်း၊ ရေခွန်ကိုကောက်ခံသည့် ကုန်သွယ်လုပ်ငန်းခွန်ဆိုင်ရာ အထူးကုန်စည်များအတွက် ကျသင့်မည့်အခွန်နှုန်းများကို ပြင်ဆင်သတ်မှတ်ခြင်း၊ ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ရှိသောကုန်စည်နှင့် ဝန်ဆောင်မှုများ ဖြည့်စွက်ခြင်း၊ အခွန်အမျိုးအမည်စကားရပ်ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ထားပါကြောင်း။

နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ငွေများ အပြည့်အဝရရှိရေး၊ သင့်တင့်မျှတပြီး ပြည်သူအများ လိုက်နာထမ်းဆောင်နိုင်သော အခွန်နှုန်းထားများဖြစ်စေရေး၊ ပြည်သူများ အခွန်ဆိုင်ရာ အသိပညာ၊ ဗဟုသုတ တိုးပွားပြီး လိုလားစွာအခွန်ထမ်းဆောင်လာစေရန် ကြိုးပမ်းဆောင်ရွက်ရေး၊ နိုင်ငံတကာ စံနှုန်းများနှင့်လျော်ညီသော အခွန်စနစ်ဖြစ်ပေါ်လာရေး၊ အခွန်တိမ်းရှောင်မှုများ ပပျောက်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထိုသို့



ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်။

ဆောင်ရွက်ရာတွင် အခွန်ဝန်ထမ်းများ၏ စိတ်ထားခံယူချက်၊ လုပ်ဆောင်ချက်များ ပြုပြင်ပြောင်းလဲရေး၊ ဆုပေးဒဏ်ပေးစနစ်ကို ထိရောက်စွာ ကျင့်သုံးဆောင်ရွက်ရေး၊ အခွန်ပညာပေးမှု ပိုမိုလုပ်ဆောင်ရေး၊ နိုင်ငံတကာအဆင့်မီ အခွန်စနစ်ဖြစ်ပေါ်လာစေရေးတို့အတွက် တာဝန်ရှိသည့် ဌာနအဖွဲ့အစည်းများက ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြသည်။

၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်း၏ နောက်ဆက်တွဲဇယား (၁)တွင် ဌာန (၁၁)ခုက ကောက်ခံသော အခွန်အကောက် ၁၉ မျိုးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မူလလျာထားချက်မှာ စုစုပေါင်းငွေကျပ် ၆၂၁၈ ဒသမ ၃၂၉ ဘီလီယံဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၏ မူလလျာထားချက်မှာ ငွေကျပ် ၅၉၄၈ ဒသမ ၃၇၅ ဘီလီယံဖြစ်သည့်အတွက် ငွေကျပ် ၂၆၉ ဒသမ ၉၅၄ ဘီလီယံ ပိုမိုကောက်ခံရန် လျာထားသည်။

ထို့အတူ ပြည်တွင်းအခွန်များဦးစီးဌာနက တာဝန်ယူကောက်ခံသည့် အခွန်အကောက် ၄ မျိုးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် မူလလျာထားချက်မှာ ငွေကျပ် ၄၆၆၈ ဒသမ ၀၇၄ ဘီလီယံဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၏ မူလလျာထားချက်မှာ ငွေကျပ် ၄၅၂၂ ဒသမ ၇၁၀ ဘီလီယံဖြစ်သည့်အတွက် ငွေကျပ် ၁၄၅ ဒသမ ၃၆၄ ဘီလီယံ ပိုမိုကောက်ခံရန် လျာထားသည်။

ထို့ပြင် လျာထားချက်တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံရန် ဆိုင်းငံ့ထားခဲ့သော တယ်လီဖုန်းပြောဆိုခ၊ ကြိုတင်ငွေဖြည့်ကတ်အပေါ် ကျသင့်သည့်ကုန်သွယ်လုပ်ငန်းခွန်ကို ကောက်ခံရန် ငွေကျပ် ၈၀ ဘီလီယံခန့် လျာထားချက်တွင် ပါဝင်ကြောင်းသိရသည်။

ထို့နောက် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော **ရာဇသတ်ကြီးကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ငွေစုဘဏ်လုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**တို့ကို တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

**(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# နိုင်ငံတကာဆက်ဆံရေးကော်မတီ၏ အစီရင်ခံစာနှင့် ဥပဒေကြမ်း (၃)ခုတို့ ဆွေးနွေးအတည်ပြု

**နေပြည်တော် ဒီဇင်ဘာ ၁၅**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁၁ နာရီ ခွဲတွင်ကျင်းပရာ **နိုင်ငံတကာဆက်ဆံရေးကော်မတီ၏ အစီရင်ခံစာ**နှင့် ဥပဒေကြမ်း (၃)ခုတို့ကို ဆွေးနွေးအတည်ပြုခြင်း ဆောင်ရွက်သည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် **နိုင်ငံတကာဆက်ဆံရေးကော်မတီ၏အစီရင်ခံစာ**ကို ကော်မတီအဖွဲ့ဝင် မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်က ဖတ်ကြားတင်ပြရာ လွှတ်တော်က ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သည့် **နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့် **မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း**တို့ကို ပြည်သူ့လွှတ်တော်က အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် **ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေကြမ်း**၏ ပြင်ဆင်ချက်များ အနက်(၅၈)ချက်ကို ပြည်သူ့လွှတ်တော်က သဘောတူအတည်ပြုသည်။

ထို့ပြင် **ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် (၂၆)ချက်ကို ပြည်သူ့လွှတ်တော်က သဘောမတူသည့်အတွက် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို ဒီဇင်ဘာ ၁၆ ရက်နံနက်ပိုင်းတွင် ဆက်လက်ကျင်းပသွားရန် လျာထားကြောင်းသိရသည်။

**(သတင်းစဉ်)**

❖ ❖ ❖



မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်။

## ညောင်တုန်းမြို့နယ်၌ မီနီမာရသွန်ပြိုင်ပွဲ ကျင်းပ

**ညောင်တုန်း ဒီဇင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် အားကစားဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ မြို့နယ် အား/ကာကော်မတီဥက္ကဋ္ဌဖလား အားကစားပြိုင်ပွဲများကို ဒီဇင်ဘာ ၁၄ ရက် နံနက်က (၂၁)လမ်း လမ်းမတော် စုရပ်စခန်း၌ ကျင်းပသည်။

အခမ်းအနားသို့ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက် တက်ရောက်၍ အားပေးချီးမြှင့်သည်။ အဆိုပါ ပြိုင်ပွဲများတွင် အသက်(၁၆)နှစ်အောက် ဘောလုံးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဘီလိယက်စနူကာပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး မီနီမာရသွန်နှင့် ပြေးခုန်ပစ်ပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး သံလုံးပစ်၊ သံပြားပစ်ပြိုင်ပွဲများပါဝင်ပြီး ယင်းနေ့နံနက်တွင် အမျိုးသား၊ အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲကို မြို့နယ် အား/ကာကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်ဦးက သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးသည်။

ပြိုင်ပွဲတွင် အမျိုးသားပထမဆုကို မောင်အာကာဘို၊ ဒုတိယဆုကို မောင်ချမ်းမြေ့အောင်၊ တတိယဆုကို မောင်ညီညီလင်း၊ အမျိုးသမီး ပထမဆုကို မမေငြိမ်းမိုး၊ ဒုတိယဆု ကိုမယွန်းဝတီ၊ တတိယဆုကို မခိုင်မာလာဦးတို့ကရရှိပြီး ဆုများကို ဒုတိယဝန်ကြီး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆုချီးမြှင့်ကြသည်။

ယင်းပြိုင်ပွဲတွင် မြို့ပေါ်အထကကျောင်းသုံးကျောင်းမှ ကျောင်းသား ၁၆၈ ဦးနှင့်ကျောင်းသူ ၃၇ ဦးစုစုပေါင်း ၂၀၅ ဦးဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပန်းတိုင်သို့ ဝင်ရောက်သည့် ကျောင်းသားကျောင်းသူများအား ဒုတိယဝန်ကြီးက ငွေသားများ ချီးမြှင့်ခဲ့ကြောင်းသိရသည်။

**(၀၇၆)**

**စာမျက်နှာ ၆ မှ**

ကျွန်တော်တို့တိုင်းပြည်ရဲ့ အများစုသော တိုင်းသူပြည်သားတွေကတော့ မိမိတို့အိမ်တိုင်းမှာ ဆန်၊ ပဲ၊ ငါးပိ၊ ငါးခြောက်နဲ့ အနီးအနားဝန်းကျင်က အသီးအရွက်တို့စရာရှိရင်ပဲ နေ့စဉ်ဝမ်းတစ်ထွာအတွက် အဆင်ပြေနေကြတာဖြစ်လို့ သာမန်ရာသီဥတုမှာ ဝမ်းရေးအတွက် ပူစရာသိပ်မလိုခဲ့ဘူး။ ဒါပေမယ့် အခုလိုပြင်းထန်တဲ့ ခြောက်သွေ့ရာသီကာလမှာတော့ သားငါးတွေနေတဲ့ အင်းအိုင်၊ ချောင်း၊ မြောင်းတွေက ခန်းခြောက်၊ စားသောက်စရာ ငါး၊ ပုစွန်ကလည်း သာမန်ကာလများလိုရှာဖွေ၍မရ၊ မိုးရှားရေရှားပူလောင်ကာလမှာ မိမိအနီးအနား လက်တစ်ကမ်းမှာ အလွယ်ခူးယူနိုင်တဲ့ ချဉ်ပေါင်၊ ကန်စွန်း၊ ရုံးပတီ၊ ငရုပ်၊ ခရမ်းစတဲ့ နေ့စဉ်သုံးဟင်းသီးဟင်းရွက်တွေလည်း မရှင်သန်နိုင်လေတော့ သဘာဝအရင်းအမြစ်များဖြစ်တဲ့ ပေါက်ရောက်ပင်သီးနှံများ၊ ရေနေသတ္တဝါ သားငါးများနဲ့ အိမ်မွေးတိရစ္ဆာန်များကိုသာ မှီခိုအားထားစားသောက်နေတဲ့ တစ်တိုင်းပြည်လုံးရဲ့ အများစုသော ဆင်းရဲသားပြည်သူများအတွက်တော့ စိတ်ပူပန်စရာဖြစ်ပါတယ်။

ယင်းကဲ့သို့ တိုင်းပြည်ရဲ့ဆင်းရဲမွဲတေ၊ ငတ်မွတ်မှုဘေးအန္တရာယ်အတွင်းသို့ တွန်းပို့နေတဲ့ ရှောင်လွှဲမရသော ရေကြီး၊ မိုးခေါင်၊ ကာလရှည်ကြာပူပြင်းခြောက်သွေ့ခြင်းဘေးဆိုးများကို ရေတို၊ ရေရှည်ကြိုတင်ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်စေရန် အောက်ဖော်ပြပါလုပ်ငန်းစဉ်များကို အကြံပြုတင်ပြအပ်ပါသည်။

**ရေတိုဆောင်ရွက်ရန်လုပ်ငန်းများ**

၁။ နိုင်ငံတော်အစီအစဉ်ဖြင့်အရေးပေါ်အရန်ဆန် တန်ချိန်တစ်သန်းခန့် ယခုလိုနွေစပါးပေါ်ချိန်အပြီးမှာ ဝယ်ယူသိုလှောင်ထားရှိရန်၊

၂။ မိမိတို့ရပ်ကွက်၊ ကျေးရွာပတ်ဝန်းကျင်ရဲ့ အင်း၊ အိုင်၊ ချောင်း၊ မြောင်း၊ ရေတွင်း၊ ရေကန်၊ ဆည်များကို နိုင်ငံတော်၊ ပြည်သူ၊ လူမှုအဖွဲ့အစည်းများ၏ လုပ်အားဖြင့် ယခုရေခန်းခြောက်ချိန်တွင် တူးဖော်နိုင်သမျှတူးဖော်၍ ရနိုင်သမျှ အနီးအနားမြစ်ချောင်းများမှ ရေများကို သွယ်ယူဖြည့်တင်းထားရန်၊

၃။ အရိပ်ရပင်၊ ထင်းလောင်စာပင်အဖြစ် အပင်ဖြစ်မြန်သော ဘောစကိုင်း၊ မဲဇလီ၊ မလေးရှားပိတောက်(အော်ရေရှား)၊ ကုက္ကိုပင်များကို မိမိတို့အိမ်ပတ်ဝန်းကျင်တွင် ခြံစည်းရိုးသီးနှံအဖြစ် အလျင်အမြန် စိုက်ပျိုးထားရှိကြရန်၊

၄။ ဥစားပင်များဖြစ်တဲ့ ကန်စွန်းဥ၊ ပီလောပီနံဥ၊ ပိန်းဥ၊ အာတာလွတ်ဥတို့အနက် မိမိဒေသနဲ့ ကိုက်ညီဖြစ်ထွန်းသော ရရာဥစားပင်တစ်မျိုးမျိုးကို မိမိတို့အိမ်ရာဝင်းအသီးသီးတွင် ယခုအချိန်မှစ၍စိုက်ပျိုးခြင်းဖြင့် ရေရှား၊ မိုးရှား၊ အစားအသောက်ရှားပါးချိန်တွင် အရံဝမ်းစာအဖြစ် အားကိုးနိုင်ပါရန်၊

၅။ ဒေသအသီးသီးမှ ယခုဆောင်းရာသီတွင်ထွက်ရှိသော ကုလားပဲ၊ ပဲတီစိမ်း၊ မတ်ပဲ၊ ပဲစင်းငုံ၊ ဗိုလ်ကိတ်၊ ပဲလွန်း၊ ပဲကြီး စသည်တို့အနက် မိမိအဆင်ပြေရာ ပဲတစ်မျိုးမျိုးကို မိမိတတ်နိုင်သမျှဝယ်ယူပြီး ဝမ်းစာအဖြစ် သိုလှောင်ထားရှိရန်၊

၆။ မိုးတွင်းရာသီထွက် ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက် စသည်တို့အား မိမိတို့ဝယ်နိုင်စွမ်းရှိသလောက် ဝယ်ယူသိမ်းဆည်းထားရှိရန်။

**ရေရှည်ဆောင်ရွက်ရန်လုပ်ငန်းများ**

၁။ တိမ်ကောနေပြီဖြစ်တဲ့ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်နဲ့ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ မြစ်ချောင်းငယ်များကို နိုင်ငံတကာအကူအညီဖြင့်တူးဖော်၍ ရေလမ်းကြောင်းကို ပိုမိုနက်စေခြင်းဖြင့် သောက်သုံးရေ၊ စိုက်ပျိုးရေး ကုန်စည်ပို့ဆောင်ခြင်းလုပ်ငန်းများကို ပိုမိုအထောက်အပံ့ဖြစ်စေရန်နှင့် ရေကြီးနစ်မြုပ်ခြင်းဒဏ်ကို လျှော့ချနိုင်ရန်၊

၂။ ပဲခူးရိုးမ၊ ရှမ်းရိုးမ၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်း၊ ကချင်ပြည်နယ်များရှိ တောတောင်ကတုံးများကို ပြန်လည်စိမ်းလန်းစိုပြည်ရေးအတွက် အစိုးရ၊ ပြည်သူ၊ လူမှုအဖွဲ့အစည်းပေါင်းစည်းအားဖြင့် စွမ်းနိုင်သမျှ ပြန်လည်စိုက်ပျိုးရန်၊

၃။ မြန်မာပြည်အရပ်ရပ်မှ တွင်းထွက်သဘာဝဓာတ်ငွေ့များကို ပြည်ပသို့တင်ပို့ရောင်းချခြင်းကို လုံးဝရပ်ဆိုင်းပြီး လျှပ်စစ်ဓာတ်မရရှိသေးသော ၇၅ ရာခိုင်နှုန်းသော ကျေးလက်လုပ်သားပြည်သူများကို လျှပ်စစ်ဓာတ်အား ပံ့ပိုးပေးရန်၊

၄။ လေစွမ်းအား၊ နေစွမ်းအား၊ ရေစွမ်းအား စသည့်အစားထိုးစွမ်းအင်များကို ဒေသအလိုက် ဖော်ထုတ်၍ လျှပ်စစ်ဓာတ်အားစွမ်းအင်ကို ပံ့ပိုးပေးရန်၊

၅။ ဧရာဝတီမြစ်ဝကျွန်းပေါ်ရှိ မြစ်ချောင်းများမှ ရေကိုနွေရာသီခြောက်သွေ့ကာလတွင် မြစ်ရေတင်စီမံကိန်းချမှတ်၍ စပါး၊ ပဲ၊ ပြောင်း၊ နှမ်း၊ နေကြာ၊ ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးစေခြင်းဖြင့် ရာသီဥတုဖောက်ပြန်ခြင်းကြောင့် သီးနှံ၊ သားငါးများ ဆုံးရှုံးခြင်းမှကာကွယ်ရန်၊ တိုင်းပြည်၏ လက်ရှိမိုးရေကိုအားထားစိုက်ပျိုးနေရသော ၉၀ ရာခိုင်နှုန်းသော စိုက်ပျိုးသီးနှံများ၏ အထွက်နှုန်းကို နွေရာသီ မြစ်ရေတင်စိုက်ပျိုးခြင်းဖြင့် (၂-၃)ဆထိ တိုးတက်ထွက်ရှိစေရန်၊

၆။ ရာသီဥတုဖောက်ပြန်မှုကြောင့် သီးနှံများပျက်စီးဆုံးရှုံးခြင်းမှ ကာကွယ်ရန် တောင်သူတိုင်း သီးနှံတစ်မျိုးတည်းအပေါ်တွင်သာ မှီခိုအားထားစိုက်ပျိုးခြင်းအစား သီးညှပ်၊ သီးထပ်၊ သီးလှည့်စနစ်များဖြင့် စပါး၊ ပဲ၊ ပြောင်း၊ နှမ်း၊ နေကြာ၊ ဝါ၊ ဟင်းသီးဟင်းရွက်၊ ကြံ၊ သစ်သီးဝလံ၊ ဥစားပင်တို့ကို မိမိတို့ရေမြေရာသီနှင့်အညီ ရွေးချယ်၍ အမယ်စုံနိုင်သမျှစုံအောင် စိုက်ပျိုးခြင်းဖြင့် ရာသီဖောက်ပြန်မှုဒဏ်ကို ကာကွယ်နိုင်သော သီးနှံစိုက်ပျိုးခြင်းစနစ် (Crop Diversification)ကို လုပ်ဆောင်ကြရန်။

ဒီမိုကရေစီနိုင်ငံသစ်တည်ဆောက်ရေးတွင် စိတ်တူကိုယ်တူ စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြသကဲ့သို့ အစဉ်အမြဲဖောက်ပြန်လျက်ရှိသော သဘာဝဘေးဆိုးဒဏ်များကနေ ကျော်လွှားလွတ်မြောက်နိုင်စေရေးအတွက် ယခုအချိန်မှစ၍ သတိတရားဖြင့် စုပေါင်းညှိနှိုင်းဆောင်ရွက်ကြပါစို့. . .။

# ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

**ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို**
**ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ**

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၆၃ ။)

**၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်**
**(၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(စ)တွင် ပါရှိသော"ပြည်ထောင်စု ရာထူးဝန်အဖွဲ့တို့ကိုလည်းကောင်း၊" ဆိုသည့် စကားရပ်နောက်တွင် "ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ အဆိုပါဥပဒေတွင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းအဖြစ် သတ်မှတ်ဖွဲ့စည်းသည့် နိုင်ငံတော်အဆင့် သို့မဟုတ် ဗဟိုအဆင့်အဖွဲ့အစည်းများကိုလည်းကောင်း၊" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၃။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ဆ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဆ) **ပြည်ထောင်စုလွှတ်တော်ရုံး** ဆိုသည်မှာ ပြည်ထောင်စုလွှတ်တော်၏ ရုံးလုပ်ငန်းနှင့် အုပ်ချုပ်မှုကိစ္စအဝဝတို့ကို ဆောင်ရွက်ရန် ဖွဲ့စည်းထားသောရုံးကို ဆိုသည်။"

၄။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၂)တွင် ပါရှိသော "တရားရုံးတစ်ခုခုက" ဆိုသည့် စကားရပ်ကို "တရားရုံး သို့မဟုတ် စုံစမ်းစစ်ဆေးမှုတစ်ခုခုက" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၁၄၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၄။ (က) နာယကသည် လွှတ်တော်သက်တမ်းတစ်ရပ်၏ ပထမပုံမှန်အစည်းအဝေးသို့ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များအား စိစစ်အတည်ပြုရန် လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေးအဖွဲ့ကို သင့်လျော်သော နိုင်ငံသားများဖြင့် ဖွဲ့စည်း၍ ယင်းလွှတ်တော်သက်တမ်းအတွက် လွှတ်တော်ကိုယ်စားလှယ် စိစစ်ရေးကော်မတီ ဖွဲ့စည်းပြီးသည်အထိ တာဝန်ပေးအပ်ရမည်။

(ခ) ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေးအဖွဲ့သည် လွှတ်တော် ပထမပုံမှန်အစည်းအဝေးသို့ တက်ရောက်လာသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအား ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်တွင် ကတိသစ္စာပြုပြီးခြင်း ရှိ မရှိကို စိစစ်အတည်ပြုရမည်။"

၆။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၂၅၊ ပုဒ်မ ၂၆ နှင့် ပုဒ်မ ၂၈ တို့တွင် ပါရှိသော "အခြားကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့" ဆိုသည့် စကားရပ်ကို "ကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ ပုဒ်မ ၂၅ နှင့် ပုဒ်မ ၂၈ တို့တွင်ပါရှိသော "အခြားဘာသာသာသနာကို ပုတ်ခတ်ပြောဆိုခြင်း" ဆိုသည့်စကားရပ်ကို "ဘာသာသာသနာကို ပုတ်ခတ်ပြောဆိုခြင်း" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၇။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၆ နှင့် ပုဒ်မ ၂၈ တို့တွင် ပါရှိသော "ဖွဲ့စည်းပုံအခြေခံဥပဒေအရဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ" ဆိုသည့် စကားရပ်ကို "ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၈။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၈၃-က တွင် ပါရှိသော "ဒေသခံပြည်သူများနှင့်ညှိနှိုင်းပြီး သတ်မှတ်ချက်နှင့်အညီ" ဆိုသည့် စကားရပ်ကို "ဒေသခံပြည်သူများနှင့်ညှိနှိုင်းပြီး ဥပဒေနှင့်အညီ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

**နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေ**

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၆၄ ။)

**၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်**
**(၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၂ တွင် -

(က) ပုဒ်မခွဲ(ခ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ခ) **နိုင်ငံခြားငွေ** ဆိုရာတွင် မြန်မာကျပ်ငွေဖြင့် တန်ဖိုးသင့်ထားခြင်းမဟုတ်သော စာတိုက် ငွေလွှဲလွှာများ၊ ချက်လက်မှတ်များ၊ ငွေလွှဲလက်မှတ်များ၊ ခရီးသွား ချက်လက်မှတ်များ၊ ငွေလွှဲစာတမ်းများ၊ ငွေပေးအမိန့်လက်မှတ်များ၊ ငွေပေးကတိစာချုပ်များနှင့် ငွေသားဒင်္ဂါးများ၊ ငွေစက္ကူများ ပါဝင်သည်။"

(ခ) ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၁) တွင် ပါရှိသော "နိုင်ငံခြားငွေငွေသား" ဆိုသည့် စကားရပ်ကို "နိုင်ငံခြားငွေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၂) ကို ပယ်ဖျက်ရမည်။

(ဃ) ပုဒ်မခွဲ (ဂ) ၏ နောက်တွင် ပုဒ်မခွဲ (ဂ-၁) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဂ-၁) **ရွှေ** ဆိုသည်မှာ နိုင်ငံပိုင် နိုင်ငံခြားသုံး သီးသန့်ငွေရှိ ရွှေချောင်း၊ ရွှေတုံးနှင့် ရွှေဒင်္ဂါးများ၊ အပြည်ပြည်ဆိုင်ရာ အပေးအယူပြုလုပ်မှု၌ သတ်မှတ်အသုံးပြုသည့် စံချိန်မီ ရွှေချောင်း၊ ရွှေတုံး၊ ရွှေဒင်္ဂါးများနှင့် ပြည်တွင်း၌ နေထိုင်သူများ၏ ပြည်ပရှိဘဏ်များတွင် အပ်နှံထားသည့် ရွှေများကိုဆိုသည်။"

၃။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၁၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၇။ နိုင်ငံတော်နှင့် ပြည်ပနိုင်ငံများအကြား ငွေသားဖြင့် လက်ရောက်လွှဲပြောင်းမှု၊ ပေးချေမှုနှင့် အခြားပေးချေမှုများအပါအဝင် ကျပ်ငွေဖြင့် နိုင်ငံတကာပေးချေမှုများနှင့် လွှဲပြောင်းမှုများအား ဗဟိုဘဏ်၏ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။"

၄။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ (ခ)တွင် ပါရှိသည့် "တရားမဝင်သော နည်းလမ်းဖြင့်ရရှိသော ငွေကြေးနှင့် ပစ္စည်းများထိန်းချုပ်ရေး ဥပဒေ" ဆိုသည့်စကားရပ်ကို "ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၁၈ ၏နောက်တွင် ပုဒ်မ ၁၈-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၁၈-က။ နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရရှိသူသည်-

(က) ယင်းဆောင်ရွက်ပေးသည့် ပြည်တွင်း၌ နေထိုင်သူ၏ နိုင်ငံခြားသုံးငွေဖြင့် ပို့ကုန်ရငွေကို သတ်မှတ်ကာလအတွင်း ယင်း၏ဘဏ်ငွေစာရင်းသို့ မှန်ကန်စွာ ဝင်ရောက်ခြင်း ရှိ မရှိ စိစစ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ စိစစ်ရာတွင် ပြည်တွင်း၌နေထိုင်သူ၏ ဘဏ်စာရင်းသို့ သတ်မှတ်ကာလအတွင်း ယင်း၏ ပို့ကုန်ရငွေဝင်ရောက်ခြင်း မရှိကြောင်း တွေ့ရှိပါက သုံးသပ်ချက်နှင့်အတူ ဗဟိုဘဏ်သို့ ဆောလျင်စွာ အစီရင်ခံ တင်ပြရမည်။"

၆။ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေ အခန်း (၇) ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"အခန်း (၇)**
**ရွှေ၊ နိုင်ငံခြားသုံးငွေ၊ လက်ဝတ်ရတနာ ပြည်တွင်းပြည်ပသို့ ယူဆောင်ခြင်း**

၂၃။ ပြည်တွင်း၌နေထိုင်သူနှင့် ပြည်ပ၌နေထိုင်သူများသည် ရွှေ၊ နိုင်ငံခြားသုံးငွေ၊ လက်ဝတ်ရတနာကို ပြည်တွင်းမှပြည်ပသို့ ယူဆောင်သွားခြင်း၊ ပြည်ပမှ ပြည်တွင်းသို့ ယူဆောင်လာခြင်းတို့နှင့်စပ်လျဉ်း၍ ဗဟိုဘဏ်က အခါအားလျော်စွာ ထုတ်ပြန်သည့် သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။"

၇။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၂၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၉။ ပြည်တွင်း၌ နေထိုင်သူသည်-

(က) ပြည်ပနိုင်ငံတစ်ခုခုတွင် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက် ရင်းနှီးမြှုပ်နှံလိုပါက ဗဟိုဘဏ်၏ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ခ) ပုဒ်မခွဲ(က)အရ ရင်းနှီးမြှုပ်နှံမှုမှရရှိသော အမြတ်ခွဲဝေမှုများနှင့် ပြန်လည်ထုတ်ယူနိုင်သော မတည်ငွေရင်းများကို နိုင်ငံခြားငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရရှိသူမှတစ်ဆင့် ပြည်တွင်းသို့ ပြန်လည်လွှဲပြောင်းပေးပို့ရမည်။"

၈။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၂၉ ၏နောက်တွင် ပုဒ်မ ၂၉-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၂၉-က။ ပြည်တွင်း၌ နေထိုင်သူသည် ပြည်ပမှ ချေးငွေရယူရာ၌ ငွေသားဖြင့် ဖြစ်စေ၊ ပစ္စည်းဖြင့်ဖြစ်စေ ချေးယူခြင်းတို့ကို ဗဟိုဘဏ်၏ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။"

၉။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၃၄ တွင် ပါရှိသော "နိုင်ငံခြားသုံးငွေလုပ်ငန်းလိုင်စင်" ဆိုသည့်စကားရပ်ကို "နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၀။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၃၄၊ ပုဒ်မခွဲ (င) ၌ ပါရှိသော "ငွေကြေးခဝါချမှု" ဆိုသည့် စကားရပ်၏ နောက်၌ "အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု" ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

၁၁။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၃၈ ၏ နောက်တွင် ပုဒ်မ ၃၈-က၊ ပုဒ်မ ၃၈-ခ၊ ပုဒ်မ ၃၈-ဂ နှင့် ပုဒ်မ ၃၈-ဃ တို့အဖြစ် အောက်ပါအတိုင်း အသီးသီးဖြည့်စွက်ရမည်-

"၃၈-က။ မည်သူမျှ ရွှေ၊ နိုင်ငံခြားသုံးငွေ၊ လက်ဝတ်ရတနာကို သတ်မှတ်ချက်များနှင့်အညီမဟုတ်ဘဲ နိုင်ငံတော်အတွင်းသို့ ယူဆောင်လာခြင်း သို့မဟုတ် ပြည်ပသို့ ယူဆောင်သွားခြင်းမပြုရ။

၃၈-ခ။ မည်သူမျှ ပို့ကုန်ရငွေအားလုံးကို သတ်မှတ်ကာလအတွင်း နိုင်ငံတော်အတွင်းရှိ ယင်း၏ ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားသုံးငွေဖြင့် ထည့်သွင်းရန် ပျက်ကွက်ခြင်း မရှိစေရ။

၃၈-ဂ။ မည်သူမျှ ပြည်ပနိုင်ငံတစ်ခုတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရင်းနှီးမြှုပ်နှံမှုအတွက် ငွေလုံးငွေရင်းလွှဲပြောင်းမှုများကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန် ပျက်ကွက်ခြင်းမရှိစေရ။

၃၈-ဃ။ မည်သူမျှ သတ်မှတ်ချက်နှင့်အညီမဟုတ်ဘဲ ပြည်ပမှငွေ သို့မဟုတ် ပစ္စည်းကို ချေးယူခြင်းနှင့် ပြည်ပမှချေးငွေရယူရန်အလို့ငှာ ငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေခြင်းမပြုရ။"

၁၂။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၄၀ တွင် ပါရှိသော "ဤဥပဒေပါ ပုဒ်မ ၂၀ အရ" ဆိုသည့်စကားရပ်ကို "ဤဥပဒေပါ ပုဒ်မ ၃၃ အရ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၃။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၄၂ တွင် ပါရှိသော "ပုဒ်မ ၃၈ ပါ တားမြစ်ချက်ကို" ဆိုသည့် စကားရပ်ကို "ပုဒ်မ ၃၈ နှင့် ပုဒ်မ ၃၈-က တို့ပါ တားမြစ်ချက်များကို" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၄။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၄၂ ၏နောက်တွင် ပုဒ်မ ၄၂-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၄၂-က။ မည်သူမဆို ပုဒ်မ ၃၈-ခ၊ ပုဒ်မ ၃၈-ဂ နှင့် ပုဒ်မ ၃၈-ဃ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက် မပိုသည့် ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

ပြည်တွင်းရေးရာ

# အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်း ကျောင်းဆောင်သစ်ဖွင့်

**နေပြည်တော် ဒီဇင်ဘာ ၁၅**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေသည် ယနေ့နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ညောင်ပင်ကျေးရွာ၌ ကျင်းပသော အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာသင်တန်းကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ သင်တန်းကျောင်းဆောင်သစ် ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ သင်တန်းကျောင်းခန်းမအတွင်း ကျင်းပသည့် အခြေခံစက်ချုပ်သင်တန်းအမှတ်စဉ်(၁) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားပြီး ဝန်ထမ်းများနှင့် သင်တန်းသူများအား ထောက်ပံ့ငွေပေးအပ်ကာ ကျောင်းဝင်းအတွင်းရှိ သင်တန်းသူအိပ်ဆောင်၊ နည်းပြဆောင်၊ စာသင်ဆောင်၊ စားရိပ်သာ၊ အုပ်ချုပ်မှုရုံးနှင့် တည်ဆောက်ရေးလုပ်ငန်းပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်နှစ်ရပ်အား နယ်စပ်ဒေသများတွင် အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးနေသကဲ့သို့ နယ်စပ်ဒေသများနှင့် သွားလာရန်ခက်ခဲသည့် ဝေးလံခေါင်းပါးသော ဒေသများရှိအမျိုးသမီးများအတွက် အလုပ်အကိုင်အခွင့်အလမ်း ရရှိရေး ဆောင်ရွက်ပေးလျက်ရှိသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနအနေဖြင့် အမျိုးသမီးများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်ရေး မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း ၃၇ ကျောင်းကို ဖွင့်လှစ်ပေးခဲ့ပြီး ယခုဖွင့်လှစ်ပေးသော သင်တန်းကျောင်းမှာ ၃၈ ကျောင်းမြောက်ဖြစ်သည်။ သင်တန်းကျောင်းများ၌ အခြေခံအိမ်တွင်းမှုစက်ချုပ်သင်တန်း၊ အဆင့်မြင့်စက်ချုပ်သင်တန်း၊ သိုးမွှေးစက်ဆွဲသင်တန်း၊ အခြေခံလက်ရက်ကန်းသင်တန်း၊ ဂျပ်ခုတ်သင်တန်းနှင့် ဇာထိုးပန်းထိုးသင်တန်းများကို ကျွမ်းကျင်တတ်မြောက်သည်အထိ စဉ်ဆက်မပြတ် လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ကျန်းမာရေးအလှူတော် ပုဏ္ဏားကျွန်းတွင်ပြုလုပ်

**ပုဏ္ဏားကျွန်း ဒီဇင်ဘာ ၁၅**

ရခိုင်ပြည်နယ် ကျန်းမာရေးဦးစီးဌာနနှင့် ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်း ဦးစီးနာယကဆရာတော် ရှင်ဆန္ဒာဓိကနှင့်အဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်သော (၃၁) ကြိမ်မြောက် ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်း ကျန်းမာရေးအလှူတော်ကို ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့၌ ဒီဇင်ဘာ ၁၁ရက်မှ ၁၃ ရက် အထိ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ကျန်းမာရေးအလှူတော်တွင် ပုဏ္ဏားကျွန်းမြို့၊ ပေါက်တောမြို့၊ မြောက်ဦးမြို့နှင့်ကျောက်ဖြူမြို့နယ်တို့မှ ဝေဒနာရှင်ပေါင်း ၁၃၅၃၅ ဦးအား အခမဲ့ ကြည့်ရှုကုသပေးခဲ့ပြီး အထွေထွေရောဂါ၊ မျက်စိရောဂါ၊ အထွေထွေခွဲစိတ်ရောဂါ၊ သွားနှင့်မေးရိုး၊ ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ နားနှာခေါင်းလည်ချောင်းရောဂါ၊ အရိုး အကြောရောဂါ၊ ဆီးနှင့် ကျောက်ကပ်ရောဂါ၊ အရေပြားရောဂါဝေဒနာရှင်များ ပါဝင်သည်။

အထွေထွေရောဂါဝေဒနာရှင်များအား သမားတော်ကြီး ပါမောက္ခ ဒေါ်ခင်မေအုံး ခေါင်းဆောင်သော အဖွဲ့ကလည်းကောင်း၊ မျက်စိဝေဒနာရှင်များအား ပါမောက္ခ ဒေါက်တာကံညွန့် ဦးဆောင်သော မျက်စိဆရာဝန်အဖွဲ့ကလည်းကောင်း၊ အထွေထွေခွဲစိတ်ရမည့် ဝေဒနာရှင်များအား ဒေါက်တာလှဝင်းနှင့်အဖွဲ့ကလည်းကောင်း၊ မေးရိုးနှင့်ခံတွင်းရောဂါရှင်များအား ဒေါက်တာညီညီ၊ ဒေါက်တာဇော်ဝင်းထွန်း ခေါင်းဆောင်သောအဖွဲ့ကလည်းကောင်း၊ သားဖွားနှင့် မီးယပ်ဝေဒနာရှင်များအား ဒေါက်တာဒေါ်စံအေးကြည် ဦးဆောင်သောအဖွဲ့ကလည်းကောင်း၊ ကလေးလူနာများအား ဒေါက်တာ ဒေါ်မေလဲ့စိုးနှင့်အဖွဲ့ကလည်းကောင်း၊ နားနှာခေါင်းလည်ချောင်း ဝေဒနာရှင်များအား တွဲဖက်ပါမောက္ခ ဒေါက်တာဦးခင်မောင်တင်နှင့် အဖွဲ့ကလည်းကောင်း၊ အရိုးအကြောရောဂါရှင်များအား ဒေါက်တာဝင်းရွှေဝင်းနှင့် အဖွဲ့ကလည်းကောင်း၊ ဆီးနှင့်ကျောက်ကပ်ရောဂါရှင်များအား ပါမောက္ခဒေါက်တာဦးတိုးလွင်နှင့်အဖွဲ့ကလည်းကောင်း၊ အရေပြားရောဂါရှင်များအား ဒေါက်တာ ဟေမာန်မိုးမြင့်နှင့်အဖွဲ့ကလည်းကောင်း၊ မေ့ဆေးပေးရမည့်လူနာများအား ဒေါက်တာမာမာဦးကလည်းကောင်း အသီးသီးပါဝင်ကြည့်ရှုပေးခဲ့ကြသည်။

ဆေးကုသရေးတွင်ပါဝင်သောမျက်စိကုအဖွဲ့သည် အတွင်းတိမ်ဝေဒနာရှင်ပေါင်း ၁၆၂ဦးကို ခွဲစိတ်ကုသပေးခဲ့ပြီး ခွဲစိတ်ရန်ကျန်နေသည့် ဝေဒနာရှင် ၄၄၄ ဦးကိုလည်း စစ်တွေမြို့ ရွှေကရုဏာဆေးခန်းတွင် ဆက်လက်ခွဲစိတ်ပေးမည်ဖြစ်သည်။ ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းအဖွဲ့သည် ယင်းသို့ဝေဒနာရှင်များအား ဆေးကုသပေးမှုအပြင် စစ်တွေပြည်သူ့ဆေးရုံကြီးအတွက် ကျပ် ၂၁ သိန်းတန် Autoclave စက်တစ်လုံးကိုလည်းကောင်း၊ ပုဏ္ဏားကျွန်းပြည်သူ့ဆေးရုံခွဲစိတ်ခန်းပြုပြင်ရန်အတွက် ကျပ် ၁၃ သိန်းခွဲကိုလည်းကောင်း လှူဒါန်းခဲ့ကြသည်။

**(ကြေးမုံ)**

# လူပေါင်း ၁၅၀၀ ကျော် ပါဝင်ဆင်နွှဲခဲ့သည့် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ လမ်းလျှောက်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၅**

ကမ္ဘာ့ဆီးချိုသွေးချို ကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် လမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၁၃ ရက် (တနင်္ဂနွေနေ့) က ရန်ကုန်မြို့ သုဝဏ္ဏအားကစားပြိုင်ပွဲ ရုံ ရှေ့၌ ကျင်းပခဲ့ရာ လူပေါင်း ၁၅၀၀ ကျော် ပါဝင်လမ်းလျှောက်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

ကမ္ဘာ့ဆီးချိုသွေးချို ကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အနေဖြင့် "ဆီးချိုသွေးချို ကာကွယ်လို့၊ အနာဂတ်ဘဝ သာယာဖို့၊ ယနေ့စတင်ဆောင်ရွက်စို့" ခေါင်းစဉ်ဖြင့် လမ်းလျှောက်ပွဲ ကျင်းပခဲ့ပြီး လမ်းလျှောက်ပွဲနှင့်အတူ ဆီးချိုသွေးချိုရောဂါအကြောင်း ကျန်းမာရေး အသိပညာ ဟောပြောပွဲကိုလည်း ထည့်သွင်းကျင်းပခဲ့သည်။ အခမ်းအနားတွင် ဆီးချိုသွေးချို အထူးကု ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာဦးတင့်ဆွေလတ်က ဆီးချိုသွေးချိုရောဂါနှင့်ပတ်သက်၍ ကျန်းမာရေး အသိပညာ ဟောပြောပွဲကို ကျင်းပခဲ့သည်။

လက်ရှိ ကမ္ဘာပေါ်တွင် ကူးစက်တတ်သော ရောဂါဝေဒနာများထက် မကူးစက်တတ်သော ရောဂါဝေဒနာများ၏ ခြိမ်းခြောက်မှုများမှာ ပိုမိုစိုးရိမ်စရာဖြစ်လာပြီး သေဆုံးမှုနှုန်းမှာလည်း မြင့်တက်လာခဲ့သည်ဟု သိရသည်။ ဆီးချို သွေးချို ကဲ့သို့သော ကူးစက်တတ်ခြင်းမရှိသော ရောဂါဝေဒနာများအတွက် ကျန်းမာရေး အသိပညာဗဟုသုတများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန်နှင့် ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရန်အလို့ငှာ ဟောပြောပွဲများ၊ လှုပ်ရှားမှုများ ကျင်းပသွားခြင်းဖြစ်ကြောင်း သိရသည်။ လူတို့၏ နေ့စဉ်နေထိုင်စားသောက်မှုပုံစံများကြောင့် ပိုမိုခြိမ်းခြောက်လာနေသော ကူးစက်ခြင်းမရှိသည့် ရောဂါများ၏ ဆိုးကျိုးများနှင့် နောက်ဆက်တွဲပြဿနာများမှာ ပိုမိုကြီးမားလာနေသည်ဟု သိရသည်။

အဆိုပါအခမ်းအနားတွင်လက်မှတ် တစ်စောင်လျှင် ငွေကျပ် ၁၀၀၀ ဖြင့် လက်မှတ်များ ရောင်းချပေးခဲ့ပြီး ရောင်းချ၍ရရှိသော ငွေများကိုလည်း မြန်မာနိုင်ငံ ဆီးချိုသွေးချိုရောဂါအသင်းသို့ ပြန်လည်လှူဒါန်းခဲ့သည်ဟု သိရသည်။ လမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲသူများကိုမူ အခမဲ့ဖြစ်ပြီး ပါဝင်သူများကို တီရှပ်၊ Diabetes Gymnastics၊ ကျန်းမာရေး ဟောပြောပွဲ တက်ရောက်ခွင့်၊ ကျန်းမာရေး စစ်ဆေးပေးမှု၊ ကံစမ်းမဲအစီအစဉ်များနှင့် နံနက်စာဖြင့် ဧည့်ခံခြင်းများပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားကို မြန်မာနိုင်ငံ ဆီးချိုသွေးချိုရောဂါအသင်းက ဦးဆောင်ကျင်းပခြင်းဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံမှ ဆေးကုမ္ပဏီဖြစ်သော KALBE က အဓိက ပံ့ပိုးကူညီပေးသည်။ အဆိုပါအခမ်းအနားသို့ လာရောက်သူများကို ဆီးချိုဝေဒနာရှင်များအတွက် ဖြည့်စွက်အာဟာရမှုန့် Diabetesol များ ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။ **(ဝဝ၁)**

# ကမ္ဘောဇကုမ္ပဏီအုပ်စု ရန်ကုန်စတော့အိတ်ချိန်းလုပ်ငန်းစတင်ရန်ရှင်းလင်း၊ အရင်းအနှီးတိုးပွားအောင် ရှယ်ယာများရောင်းချပေးမည်

**ရန်ကုန် ဒီဇင်ဘာ ၁၅**

မြန်မာနိုင်ငံ၌ ပထမဆုံးဖွင့်လှစ်လိုက်သည့် ရန်ကုန်စတော့အိတ်ချိန်းတွင် ကမ္ဘောဇကုမ္ပဏီများအုပ်စုနှင့် စင်ကာပူနိုင်ငံ Stirling Coleman Securities Co., Ltd. တို့ အကျိုးတူပူးပေါင်းထားသည့် KBZ Stirling Coleman Securities Co., Ltd. (KBZ SC Securities) ၏ လုပ်ငန်းစဉ်များ မိတ်ဆက်ပွဲကို ဒီဇင်ဘာ ၁၅ ရက် ညပိုင်းက ရန်ကုန်မြို့ရှိ ဆူးလေရှန်ဂရီလာဟိုတယ်ခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် အကြီးတန်းအုပ်ချုပ်မှုဒါရိုက်တာ ဦးညီမြင့်က အမှာစကားပြောကြားပြီး **(အပေါ်ယာပုံ)** KBZ SC Securities မှ အုပ်ချုပ်မှုဒါရိုက်တာ Mr. Rudolf Rollesနှင့် Mr. Yap Yeong Keen၊ Mr. Ang Lian Kiat နှင့် ဒါရိုက်တာဦးဇော်လင်းအောင်တို့က လုပ်ငန်းစဉ်များကိုရှင်းလင်းတင်ပြသည်။ ထို့နောက် တက်ရောက်လာသော စီးပွားရေးလုပ်ငန်းရှင်များ၊ စတော့ရှယ်ယာတွင် ရင်းနှီးမြှုပ်နှံလိုသူများ၏ မေးမြန်းမှုများကို ရှင်းလင်းပြောကြားကြသည်။

ရန်ကုန် စတော့အိတ်ချိန်းကို ဒီဇင်ဘာ ၉ ရက်မှ စတင်ဖွင့်လှစ်ခဲ့ရာ ကနဦးအနေဖြင့် မြန်မာကုမ္ပဏီ ခြောက်ခုက ငွေချေးသက်သေခံလက်မှတ်များကို ရန်ကုန်စတော့အိတ်ချိန်းတွင် ရောင်းချရန်စီစဉ်လျက်ရှိပြီး ယင်းတို့ကို တာဝန်ခံရောင်းချပေးရန် ကုမ္ပဏီ ၁၀ ခုကို ပဏာမအဖြစ် ရွေးချယ်ခဲ့ကြောင်း သိရသည်။ ကုမ္ပဏီ ၁၀ ခုတွင် KBZ SC Securities သာ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိထားပြီး ကျန်ရှိသော ကုမ္ပဏီများမှာလည်း လိုင်စင်ရရှိရေးအတွက် လိုအပ်ချက်များကိုဆက်လက်ဖြည့်ဆည်း ဆောင်ရွက်လျက်ရှိသည်။



"ကမ္ဘောဇကုမ္ပဏီအုပ်စုအနေနဲ့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးမှာ အဓိကကျတဲ့ငွေကြေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုအလေးထားကြိုးပမ်းလုပ်ဆောင်နေတာမှာ ပုဂ္ဂလိကဘဏ်လုပ်ငန်းနဲ့ ပုဂ္ဂလိကအာမခံလုပ်ငန်းတွေမှာ ဈေးကွက်ဝေစုအများဆုံးနဲ့ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ အဓိကအရေးပါတဲ့ ငွေကြေးအရင်းအနှီးဈေးကွက်လုပ်ငန်းဆိုင်ရာဖြစ်တဲ့ ရန်ကုန်စတော့အိတ်ချိန်းရဲ့ ငွေချေးသက်သေခံလက်မှတ် ရောင်းဝယ်ရေးလည်း ပါဝင်ဆောင်ရွက်နိုင်ဖို့ အင်တိုက်အားတိုက် ပြင်ဆင်ဆောင်ရွက်နေရာမှာ မြန်မာ့စတော့ရှယ်ယာဈေးကွက်သမိုင်းမှာ ငွေချေးသက်သေခံလက်မှတ်တွေကို တာဝန်ခံရောင်းချပေးမယ့် ပထမဆုံး Underwriter ကုမ္ပဏီအဖြစ် တရားဝင်လိုင်စင် ရရှိခဲ့ပါတယ်။ ရန်ကုန်စတော့အိတ်ချိန်း Listing ကုမ္ပဏီတွေရဲ့ အရင်းအနှီးတိုးမြှင့်ရေး ပြည်သူတွေက ရှယ်ယာတွေ ဝယ်ယူပြီး စီးပွားရေးမြှုပ်နှံမှုတွေ ပြုလုပ်ဖို့ စတာတွေအတွက် တာဝန်ယူရောင်းချ ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ ရန်ကုန်စတော့အိတ်ချိန်းမှာ ရောင်းဝယ်မှုတွေအပေါ် ငွေပေးချေမှုတွေကိုဆောင်ရွက်ပေးမယ့် ဘဏ်ကိုလည်း KBZ Bank ကို Authorized Fund Settlement Bank အဖြစ် ရွေးချယ်ထားတာဖြစ်လို့ ရန်ကုန်စတော့အိတ်ချိန်းရဲ့ လုပ်ငန်းတွေအောင်မြင်ဖို့အတွက် အဆင်ပြေချောမွေ့စွာ ချိတ်ဆက်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ အထူးသဖြင့် အရင်းအနှီးတိုးမြှင့်လိုတဲ့ စီးပွားရေးလုပ်ငန်းကုမ္ပဏီတွေကို သတ်မှတ်ထားတဲ့ စံချိန်စံညွှန်းတွေနဲ့အညီ အစစအရာရာ တာဝန်ယူဆောင်ရွက်ပေးပြီး အရင်းအနှီးတိုးပွားအောင် သူတို့အတွက် ရှယ်ယာတွေကို တာဝန်ခံရောင်းချပေးမှာဖြစ်ပါတယ်"ဟု အကြီးတန်းအုပ်ချုပ်မှုဒါရိုက်တာ ဦးညီမြင့်က ရှင်းလင်းပြောကြားသည်။

KBZ SC Securities ၏ လုပ်ငန်းများကို ရန်ကုန်မြို့ ကမ်းနားလမ်းရှိ Strand Square (ယခင်နိုင်ငံတော်ခြောက်ထပ်ရုံး)၌ ရုံးခန်းဖွင့်လှစ်၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ကြေးမုံ)**

**❒အာရှဖိတ်ခေါ်**

သရေကစားနိုင်ခဲ့သော်လည်း ဒုတိယပိုင်းတွင် ပေးလိုက်ရသည့်ဂိုးကြောင့် ရှုံးပွဲဆက်ခဲ့ခြင်းဖြစ်သည်။ ဒုတိယပွဲတွင် တရုတ်အသင်းက တရုတ်(တိုင်ပေ) အသင်းကို ခုနစ်ဂိုးပြတ်အနိုင်ရရှိခဲ့သည်။ယခုပွဲစဉ်အပြီးတွင် တရုတ်အသင်းက နှစ်ပွဲကစား၊ နှစ်ပွဲစလုံး အနိုင်ရထားပြီး တရုတ်(တိုင်ပေ) အသင်းနှင့် မြန်မာအသင်းတို့က တစ်ပွဲနိုင်၊ တစ်ပွဲရှုံး၊ ဟောင်ကောင် အသင်းက နှစ်ပွဲစလုံးရှုံးထားသည်။

အုပ်စုနောက်ဆုံးနေ့ပွဲစဉ်များကို ဒီဇင်ဘာ ၁၇ ရက်တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းနှင့် တရုတ်အသင်း၊ တရုတ်(တိုင်ပေ) အသင်းနှင့်ဟောင်ကောင်အသင်းတို့ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**(ရှိုင်းထက်ဇော်)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## ပြည်တွင်းရေးရာ

**❖ ရှေ့ဖုံးမှ**

သူတို့ကဲ့သို့ပင် အငြိမ်းစားအရာရှိကြီးများ၊ တာဝန်ထမ်းဆောင်ဆဲအရာရှိကြီးများနှင့် လုပ်အားပေးဆောင်ရွက်ခဲ့ကြသူများအတွက် ၁၉၆၄ ခုနှစ် တော်လှန်ရေးကောင်စီလက်ထက်တွင် နိုင်ငံတော်က အခန်းအကျယ် ၁၇၆၀ စတုရန်းပေရှိ နှစ်ခန်းတွဲ လေးထပ်တိုက်သုံးလုံးနှင့် ၅၈၄ စတုရန်းပေရှိ လေးခန်းတွဲ လေးထပ်တိုက်တစ်လုံးတို့ကို တည်ဆောက်ကာ အခန်းပေါင်း ၄၀ တွင် အငှားချ ဝန်ထမ်းအိမ်ရာအဖြစ် ဖော်ဆောင်ပေးခဲ့ခြင်းဖြစ်သည်။

နှစ်ပေါင်း ၅၀ ခန့် သက်တမ်းရှိသည့် အဆိုပါ အဆောက်အအုံများသည် အထပ်အားဖြင့်နည်းပါးပြီး အခန်းအရေအတွက်မှာလည်း ၄၀ သာရှိသဖြင့် အဆိုပါ မြေကွက်၏ အကျယ်အဝန်း ၂ ဒသမ ၂၉၄ ဧကပေါ်တွင် လူနေမှုမှာ မျက်မှောက်ကာလ လူနေထူထပ်မှုနှင့် နှိုင်းယှဉ်ပါက နည်းပါးသည့် လူနေထိုင်မှုဖြစ်နေသည့်အလျောက် ယခုအစိုးရလက်ထက်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက ရွှေဂုံအိမ်ရာ ဖွံ့ဖြိုးရေးစီမံကိန်းကို ၂၀၁၃ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့သည်။

"ကျွန်တော်တို့နေခဲ့တာ နှစ်ပေါင်း ၅၀ ရှိပါပြီ။ ပြောင်းရမယ်လို့သိတဲ့အချိန်မှာ အများကြီးစိုးရိမ်မိပါတယ်။ ပြောင်းရွှေ့နေစဉ် အိမ်ငှားဖို့ တင်ဒါအောင်မြင်တဲ့ ကုမ္ပဏီတွေက စီစဉ်ပေးပါတယ်။ အခန်းတွေကို ဒီလကုန်မှာ အပ်မယ်လို့ သိရပါတယ်။ ဘယ်အခန်းကို ပြန်ရမလဲဆိုတာ အိုးအိမ်ကနေ မဲစနစ်နဲ့ချထားပေးမှာဖြစ်ပါတယ်"ဟု ရွှေဂုံအိမ်ရာတွင် အခန်းပြန်လည်ရရှိမည့်သူတစ်ဦးက ပြောသည်။

၂၀၁၃ ခုနှစ် မတ်လတွင် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည့် ကုမ္ပဏီအဖွဲ့အစည်းများကို တင်ဒါခေါ်ယူခဲ့ပြီး တိုင်းရင်းသားလုပ်ငန်းရှင်များဖြစ်သည့် မြန်မာစေတနာ ကုမ္ပဏီနှင့် ထိုက်စင်ကုမ္ပဏီတို့က တင်ဒါအောင်မြင်ခဲ့ရာ ယင်းနှစ် အောက်တိုဘာလအတွင်း စာချုပ်ချုပ်ဆိုခဲ့ပြီး နိုဝင်ဘာ ၁ ရက်တွင် လုပ်ငန်းစတင်ခဲ့ကြောင်း သိရသည်။

ရွှေဂုံအိမ်ရာ ပြန်လည်စည်ပင်ရေးစီမံကိန်းလုပ်ငန်း သဘောတူညီမှုစာချုပ်အရ လုပ်ငန်းဆောင်ရွက်ခြင်းကို နှစ်နှစ် သတ်မှတ်ပေးထားပြီး ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်တွင် မူလနေထိုင်သူများအား ပြန်လည်နေရာချထားပေးမည်ဖြစ်ကြောင်း သဘောတူညီခဲ့သည်။

အသစ်ပြန်လည်တည်ဆောက်သည့် အိမ်ရာစီမံကိန်းတွင် ရှစ်ခန်းတွဲ ခြောက်ထပ်ကားပါကင်အပါအဝင် အဆောက်အအုံ တစ်လုံး၊ ရှစ်ခန်းတွဲခြောက်ထပ် နှစ်လုံးနှင့် ကိုယ်ကာယလေ့ကျင့်ခန်းမနှင့် ရေကူးကန်တို့ပါဝင်သည့် အဆောက်အအုံတစ်လုံးတို့ကို ထည့်သွင်းထားပြီး လူနေအိမ်ခန်းပေါင်း ၁၂၀ ခန့်ကို တင်ဒါအောင်မြင်ခဲ့သည့် ကုမ္ပဏီနှစ်ခုကဆောင်ရွက်ခဲ့ရာ ယခုအခါ မူလနေထိုင်သူများအတွက် တည်ဆောက်ပေးသည့် အဆောက်အအုံများ ရာနှုန်းပြည့်ပြီးစီးလျက်ရှိကြောင်း မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဂုံ(လင့်)လမ်း အိမ်ရာစီမံကိန်းအတွက် နိုင်ငံတော်က မြေပိုင်ရှင်အဖြစ် မြေတန်ဖိုးကို ရင်းနှီးမြှုပ်နှံထားရပြီး အနီးစပ်ဆုံး ကာလပေါက်ဈေးနှင့် နှိုင်းယှဉ်တွက်ချက်ကြည့်မည်ဆိုပါက တစ်စတုရန်းပေလျှင် ငွေကျပ် တစ်သိန်းခွဲဖြင့် စုစုပေါင်း ငွေကျပ် ၁၁၆၉၄၉ ဒသမ ၆၆ သိန်း ရင်းနှီးမြှုပ်နှံထားသည်ကို တွေ့ရသည်။ လုပ်ငန်းလက်ခံသူ ကုမ္ပဏီနှစ်ခုက အဆောက်အအုံနှင့် Infrastructure လုပ်ငန်းရှင်များ ဆောက်လုပ်ကုန်ကျစရိတ် တန်ဖိုးငွေကျပ် ၁၃၀၀၀၀ ဒသမ ၀၀ သိန်းဖြစ်ကြောင်း သိရသဖြင့် နိုင်ငံတော်နှင့် လုပ်ငန်းများ၏ ရင်းနှီး မြှုပ်နှံမှု အချိုးမှာ ၅၃ ရာခိုင်နှုန်းနှင့် ၄၇ ရာခိုင်နှုန်းဖြစ်သည်။

အကျိုးအမြတ်ခွဲဝေသတ်မှတ်ရာတွင်မူ နိုင်ငံတော်က ၅၁ ရာခိုင်နှုန်းနှင့် လုပ်ငန်းရှင်များဘက်မှ ၄၉ ရာခိုင်နှုန်း ခွဲဝေထားကြောင်း မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

"မူလအိမ်ရာက အခန်းတွေရဲ့ အကျယ်အဝန်းတွေ မတူကြပါဘူး။ ဒါပေမယ့် အိုးအိမ်ကနေ အခန်းနေထိုင်သူတွေကို ခေါ်ညှိပေးပြီးတော့ စတုရန်းပေ ၁၄၀၀ အခန်းတွေကို အညီအမျှ မဲနှိုက်ပေးထားတာဖြစ်ပါတယ်။ အခန်းက ၄၀ ရှိပါတယ်။ အခုပြန်ဆောက်တာက ဝန်ထမ်းဟောင်းတွေ ပြန်ပေးဖို့အတွက် ဘလောက်ခ်အေဆိုပြီး အခန်း ၂၀ ပါ နှစ်လုံးကို ကုမ္ပဏီနှစ်ခုက တစ်လုံးစီ ဆောက်ကြရပါတယ်။ ပြီးတော့ ကျွန်တော်တို့ ကုမ္ပဏီဘက်က ဘလောက်ခ်ဘီပါ။ အခန်း ၄၀ ရှိပါတယ်။ ကျွန်တော်တို့ ကုမ္ပဏီက အခန်း ၂၀ ရရှိပြီး အိုးအိမ်ကို အခန်း ၂၀ ပြန်ပေးရမှာပါ။ ထိုက်စင်ကလည်း ဘလောက်ခ်စီကို တည်ဆောက်ရပြီး သူလည်း အဲဒီအတိုင်း အိုးအိမ်နဲ့ ပြန်ခွဲဝေရပါတယ်။ တိုက်ဘီနဲ့ စီက ကွန်ဒိုတွေဖြစ်ပြီး မူလပိုင်ရှင်တွေအတွက် ပြန်ပေးတာကတော့ အဆင့်မြင့်တိုက်ခန်းတွေပဲဖြစ်ပါတယ်။ တိုက်ဘီနဲ့ စီဟာ မျက်နှာစာအနေနဲ့ ဖြစ်သွားပြီး တိုက်အေကတော့ ဓမ္မစေတီလမ်းဘက်က ဝင်ရောက်ရမှာဖြစ်ပါတယ်" ဟု တင်ဒါအောင်မြင်ခဲ့ပြီး တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် မြန်မာစေတနာ ကုမ္ပဏီလီမိတက်မှ အဆိုပါ စီမံကိန်း၏ မန်နေဂျာဦးစိုးသိန်းက ပြောသည်။




ယခုလကုန်တွင် မူလအခန်း၌နေထိုင်သူ မိသားစု ၄၀ အတွက် အိမ်ခန်းများအားလုံး ပေးအပ်နိုင်ရန် အဆင်သင့်ဖြစ်နေပြီး အခန်းတစ်ခန်းစီတွင် မိသားစုအိပ်ခန်း တစ်ခန်းနှင့် ရိုးရိုးအိပ်ခန်း နှစ်ခန်းစီ၊ ထမင်းစားခန်း၊ ဧည့်ခန်း၊ မီးဖိုခန်းများပါဝင်မည်ဖြစ်ကာ ရေ၊ မီးနှင့် ဓာတ်လှေကားများ၊ မီးသတ်စနစ်များကိုလည်း တပ်ဆင်မှု ပြီးစီးသလောက် ရှိနေပြီဖြစ်ကာ ကားပါကင်လည်း ပါဝင်ကြောင်း သိရသည်။

"ဒီဇင်ဘာ ၃၀ ရက်မှာ ကျွန်တော်တို့တွေက အခန်းတွေကို မူလစာချုပ်ပါအတိုင်း အိုးအိမ်ထံ ပြန်လည်အပ်နှံမှာဖြစ်ပါတယ်။ ဒီလကုန်မှာ ဖွင့်ပွဲလုပ်မှာပါ။ ဒါ့အပြင် အိမ်ရာအတွင်းက လမ်းတွေကိုလည်း အဆင့်မြင့် တည်ဆောက်ထားပါတယ်။ လုပ်ငန်းစတင်တာက ၂၀၁၄ မေလကနေမှ ဘိုးပိုင်တွေစတူးခဲ့တာ ဖြစ်ပါတယ်။ စုစုပေါင်းတည်ဆောက်မှုကာလက တစ်နှစ်ခွဲလောက်ကြာမြင့်ခဲ့ပါတယ်။ အဲဒီတစ်လျှောက်မှာ မူလအခန်း နေထိုင်သူတွေအတွက် အိမ်ခေတ္တငှားရမ်းနေထိုင်ဖို့ တစ်လကို ငွေကျပ် သုံးသိန်းနှုန်းနဲ့ အခုဒီဇင်ဘာလအထိ ထုတ်ပေးထားပါတယ်။ အိုးအိမ်ကနေတစ်ဆင့် အခန်းနေထိုင်သူတွေကို မဲစနစ်နဲ့ အခန်းတွေပြန်လည်ပေးအပ်သွားမယ်လို့ သိရပါတယ်"ဟု ဦးစိုးသိန်းက ပြောသည်။

ရွှေဂုံ(လင့်)လမ်း အိမ်ရာဖွံ့ဖြိုးရေးစီမံကိန်းသည် ခေတ်စနစ်နှင့် မလျော်ညီတော့သည့် အိမ်ခန်း ၄၀ သာ ရှိသည့် အဆောက်အအုံများနေရာတွင် အဆင့်မြင့်ခေတ်မီ ခမ်းနားသည့် မြို့အင်္ဂါရပ်နှင့်အညီ အိမ်ခန်း ၁၂၀ နှင့် ဈေးဆိုင်ခန်းများ၊ ရုံးခန်းများ၊ ကားပါကင်များနှင့် အပန်းဖြေနေရာများပါဝင်သည့် အဆောက်အအုံများကို အစားထိုး တည်ဆောက်ထားခြင်းဖြစ်သည်။

များပြားပြီး လူဦးရေသိပ်သည်းဆ မြင့်မားလျက်ရှိသည့် ရန်ကုန်မြို့၏ အခက်အခဲကို Densification နည်းဖြင့် ဖြည့်ဆည်းကာ နေရာကောင်းမြေများကို အကျိုးရှိစွာ အသုံးချနိုင်သကဲ့သို့ နိုင်ငံတော်၏ အိမ်ရာလိုအပ်ချက်ကိုလည်း ဖြည့်ဆည်းပေးရာရောက်ကြောင်း တင်ဒါအောင်မြင်သည့် ကုမ္ပဏီများက ပြောသည်။

"ကုမ္ပဏီတွေက သူတို့ခွဲဝေရရှိတဲ့အခန်းတွေကို စတင်ရောင်းချနေပါပြီ။ အမှန်တော့ ရွှေဂုံအိမ်ရာက နေရာအချက်အချာကျပြီး လုပ်ငန်းရှင်တိုင်း နိုင်ငံတော်နဲ့ အကျိုးတူ ပူးပေါင်းဆောင်ရွက်လိုကြတာပါ။ မကြာခင် ခေတ်မီကွန်ဒိုတိုက်ခန်းတွေ ထွက်ပေါ်လာတော့မှာမို့ ဈေးနှုန်းအဆမတန်မြင့်တက်နေတဲ့ ရန်ကုန်အိမ်ခြံမြေဈေးကွက်အတွက် ဈေးနှုန်းထိန်းချုပ်မှုကို အထိုက်အလျောက်ကုစားနိုင်ဖို့ မျှော်လင့်ပါတယ်။ အိုးအိမ်ကနေ ခွဲဝေရရှိတဲ့ အဆင့်မြင့် ကွန်ဒိုတိုက်ခန်း ၄၀ကိုရော ဘယ်လိုစနစ်နဲ့ ရောင်းချပေးမယ်ဆိုတာကို လုပ်ငန်းရှင်တွေက သိချင်နေကြပါတယ်။ အဆင့်မြင့်အိမ်ရာတွေအပြင် လူတိုင်းဝယ်ယူဖို့ လက်တစ်ကမ်းအနေအထားရှိမယ့် တန်ဖိုးအမှန်တကယ်နည်းပါးတဲ့ အိမ်ရာသစ်တွေလည်း ရန်ကုန်မြို့မှာ အများကြီးလိုအပ်နေပါသေးတယ်"ဟု အိမ်ခြံမြေအကျိုးဆောင် ဦးခွန်နောင်က ပြောသည်။

လွန်ခဲ့သည့်နှစ်ပေါင်း ၂၀ ကာလ ၁၉၉၅ ခုနှစ်ကတည်းက ရွှေဂုံအိမ်ရာရှေ့ အုတ်လမ်းကားမှတ်တိုင်တွင် ဈေးရောင်းချသူ ဒေါ်ခင်ခင်ကတော့ တစ်နှစ်ခွဲအတွင်း မှိုပွင့်ကြီးများသဖွယ် အပြိုင်အဆိုင်ထွက်ပေါ်လာသည့် အထပ်မြင့်အဆောက်အအုံကြီးများကို မော့ကြည့်ကာ "ဒီဝင်းထဲက အရာရှိကြီးတစ်ယောက်ရဲ့အကူအညီနဲ့ ဒီမှာ ဈေးရောင်းလာခဲ့တာ နှစ် ၂၀ ရှိခဲ့ပြီ။ ကျွန်မကတော့ သစ်ရိပ်ဝါးရိပ်နဲ့ အေးချမ်းတဲ့ အရင်အိမ်ရာကြီးကို လွမ်းမိပါတယ်။ ဒါပေမယ့် နှစ်ပေါင်းများစွာမြင်တွေ့ခဲ့ပြီး ဆွေမျိုးလိုဖြစ်နေတဲ့ အိမ်ရာကမိသားစုတွေ တိုက်သစ်ကြီးတွေပေါ်ရောက်သွားကြတော့မှာမို့ မုဒိတာပွားမိပါတယ်။ ကျွန်မတို့လို လက်လုပ်လက်စား မိသားစုတွေအတွက်ကတော့ အိမ်ရာပိုင်ဆိုင်ဖို့ဆိုတာ ဒီတစ်သက်မှာ မလွယ်ကူတော့ပါဘူး။ အိမ်ရာတည်ဆောက်မှု ပြီးသွားရင်တော့ ဆက်ရောင်းခွင့်ရမလားဆိုတာ မသိနိုင်သေးဘူး"ဟု အတိတ်ကို သတိရရင်း ဆောက်လုပ်ရေးလုပ်ငန်းခွင်မှ ဝန်ထမ်းများအတွက် ကွမ်းယာထုပ်လျက် ရင်ဖွင့်သည်။

ဆောင်းနှင်းနှင့်ခင်းနေရောင်က ဆောက်လက်စ တိုက်သစ်ကြီးများထံ ကျရောက်နေသဖြင့် တိုက်ဖြူကြီးများက တလက်လက် တောက်ပနေသယောင်။ မည်သို့ပင်ဆိုစေ အရာအားလုံးမတည်မြဲသည့် သဘောဖြင့် တစ်ချိန်က အစိုးရအရာထမ်းများနေထိုင်ခဲ့ရာ အဝါရောင်တိုက်များကတော့ သမိုင်းမှတ်တမ်းတွင် ကျန်ရစ်ခဲ့ပြီ။



**မကြာခင် ခေတ်မီကွန်ဒိုတိုက်ခန်းတွေ ထွက်ပေါ်လာတော့မှာမို့ ဈေးနှုန်းအဆမတန်မြင့်တက်နေတဲ့ ရန်ကုန်အိမ်ခြံမြေဈေးကွက်အတွက် ဈေးနှုန်းထိန်းချုပ်မှုကို အထိုက်အလျောက်ကုစားနိုင်ဖို့မျှော်လင့်သလို အဆင့်မြင့်အိမ်ရာတွေအပြင် လူတိုင်းဝယ်ယူဖို့ လက်တစ်ကမ်းအနေအထားရှိမယ့် တန်ဖိုးအမှန်တကယ်နည်းပါးတဲ့ အိမ်ရာသစ်တွေလည်း ရန်ကုန်မြို့မှာ အများကြီးလိုအပ်နေပါသေးတယ်။**

---

### စမ်းချောင်းမြို့နယ်ရှိ ရေမြောင်းကြီးအား အထူးပြင်ဆင်ဆောင်ရွက်

**စမ်းချောင်း ဒီဇင်ဘာ ၁၅**

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မင်းလမ်းနှင့် နောက်ဖေးလမ်းကြားဘက်နှင့် အောင်ချမ်းသာရပ်ကွက်ကြားရှိ ရေမြောင်းကြီးမှ မြေသားနံရံများ၊ အုတ်တံတိုင်းများသည် နှစ်ကာလကြာမြင့်လာပြီဖြစ်သဖြင့် ပြိုကျကာ မိုးတွင်းတွင် ရေတိုက်စား၍ ဘေးမြေသားများကွာကျမှု ဖြစ်ပေါ်နေသည်ကို စမ်းချောင်းမြို့နယ် စည်ပင်သာယာရေးကော်မတီမှ အထူးပြင်ဆင်မှုဖြင့် ဂဝံကျောက်တုံးကြီးများ၊ ကျောက်စရစ်များ၊ အုတ်များ၊ သဲများ၊ ဘိလပ်မြေများ၊ သံတိုင်များဖြင့် ရေရှည် ခိုင်ခံ့နိုင်ရန် ပြင်ဆင်မှုများပြုလုပ်နေသည်ကို တွေ့ရှိရသဖြင့် မြောင်းနှင့်ကပ်လျက်ရှိသော တိုက်အိမ်များနှင့် မြို့နယ်အနီး နေထိုင်သူများက ကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။ **မောင်ညွန့်သန်း (စမ်းချောင်း)**

---

### ဖြည့်စွက်ဖတ်ရှုပါရန်

ဒီဇင်ဘာ ၁၅ ရက်နေ့ထုတ် ကြေးမုံသတင်းစာ ၂၀၁၅ ရွေးကောက်ပွဲလွှတ်တော်အသီးသီးမှ ကိုယ်စားလှယ်လောင်းတစ်ဦးချင်းစီ၏ ဆန္ဒမဲရရှိမှု သီးခြားအချပ်ပိုတွင် ဖော်ပြပါရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းစီ၏ ဆန္ဒမဲရရှိမှုအခြေအနေ (၂၀၁၅ ခုနှစ်၊ အထွေထွေရွေးကောက်ပွဲ) ခေါင်းစဉ်ပါ ဇယား စာမျက်နှာ(၅)တွင် ကွန်ပျူတာ Font error ဖြစ်ပြီး စာလုံးများမှားယွင်းသွားသောကြောင့် ရန်ကုန်တိုင်းဒေသကြီး အမှတ်စဉ်-၁၃၈၊ မဲဆန္ဒနယ်အမှတ် (၆)တွင် ဖက်ဒရယ်ပြည်ထောင်စုပါတီမှ ဦးသန့်ဇော်ဟုလည်းကောင်း၊ အမှတ်စဉ်-၁၄၄၊ မဲဆန္ဒနယ် အမှတ် (၁၂) တွင် အမျိုးသားတိုးတက်ရေးပါတီမှ ဦးညွှန့်လှိုင်ဟုလည်းကောင်း ဖြည့်စွက်ဖတ်ရှုပါရန်။ **(စာတည်း)**

# နိုင်ငံခြားသား အမြဲနေထိုင်ခွင့်လျှောက်ထားသူများအနက် စိစစ်အတည်ပြုပြီးသူများအား လူတွေ့မေးမြန်းအကဲဖြတ်

**နေပြည်တော် ဒီဇင်ဘာ ၁၅**

မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့် လျှောက်ထားသူများအနက် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီမှ စိစစ်အတည်ပြုပြီးသူများအား ဒီဇင်ဘာ ၁၄ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၌ လူတွေ့မေးမြန်းအကဲဖြတ်ခြင်းများပြုလုပ်ခဲ့ကြောင်း သိရသည်။

နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုနှင့် ကော်မတီဝင်များက လူတွေ့အကဲဖြတ်ခံရမည့် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်လျှောက်ထားသူများအား တစ်ဦးချင်းတွေ့ဆုံ၍ ၎င်းတို့၏ ကိုယ်ရေးအချက်အလက်များ၊ ပြဋ္ဌာန်းထားသော နည်းဥပဒေများအပေါ် သိရှိလိုက်နာဆောင်ရွက်နိုင်ရေးအခြေအနေများကို မေးမြန်းဆွေးနွေးကာ အကဲဖြတ်အတည်ပြုဆုံးဖြတ်ကြသည်။

ယခုကဲ့သို့ လူတွေ့မေးမြန်းအကဲဖြတ်ခြင်းမှာ တတိယအကြိမ်ဖြစ်ပြီး ဗဟိုကော်မတီမှ စိစစ်အတည်ပြုပြီးသူ (မိသားစုဝင်များမပါ) ၃၄ ဦးအနက် ၂၈ ဦးနှင့် ယခင်လူတွေ့မေးမြန်းအကဲဖြတ်ရန် ကျန်ရှိသူ ၁၂ ဦးအနက် ကိုးဦး စုစုပေါင်း ၃၇ ဦးအား အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဝင်များက တွေ့ဆုံမေးမြန်း အတည်ပြုဆုံးဖြတ်ကြမည်ဖြစ်ပြီး ခွင့်ပြုသူများအား ဆက်လက်တင်ပြ ခွင့်ပြုချက်ရယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ်ကို နိုင်ငံအတွင်း ကာလရှည်ကြာစွာ လာရောက်နေထိုင်လိုသည့် ကျွမ်းကျင်ပညာရှင်များ၊ ရင်းနှီးမြှုပ်နှံလိုသူများ၊ နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်လိုသည့် မြန်မာနိုင်ငံသားဟောင်းများအတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပြီး ကျွမ်းကျင်ပညာရှင်၊ ရင်းနှီးမြှုပ်နှံသူ၊ မြန်မာနိုင်ငံသားဟောင်းနှင့် ၎င်းတို့နှင့် သွေးချင်းဆက်စပ်သော နိုင်ငံခြားသား စသည်ဖြင့် အမျိုးအစား လေးမျိုးခွဲခြား၍ နိုင်ငံတော်၏ လိုအပ်ချက်၊ သတ်မှတ်ထားသော အမှတ်ပေးစံနှုန်းစနစ်တို့အရ စိစစ်သုံးသပ်ခွင့်ပြုပေးလျက်ရှိရာ လျှောက်ထားသူများအနက် ပထမအကြိမ်အဖြစ် ၁၂၅ ဦးအား နိုင်ငံခြားသားအမြဲနေထိုင်ခွင့် လက်မှတ်နှင့် ကတ်ပြားများ ထုတ်ပေးပြီးဖြစ်ကြောင်းနှင့် ဒုတိယအကြိမ်အဖြစ် ၄၄ ဦးအား လက်မှတ်နှင့် ကတ်ပြားများ လာရောက်ထုတ်ယူနိုင်ရေး အကြောင်းကြား ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**

၀၀၀

# လှိုင်ကော်မြို့ ပြည်သူ့ဆေးရုံအား ခုတင် (၅၀၀) ဆံ့အဖြစ် တိုးချဲ့ဖွင့်လှစ်

**လွိုင်ကော် ဒီဇင်ဘာ ၁၅**

ကယားပြည်နယ် လွိုင်ကော်မြို့ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးအား ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးအဖြစ်သို့ အဆင့်မြှင့်တင်ခြင်း ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၄ ရက် ညနေ ၄ နာရီက လွိုင်ကော်မြို့ ခုတင်(၅၀၀)ဆံ့ ပြည်နယ်ပြည်သူ့ဆေးရုံကြီးတွင် ပြုလုပ်သည်။

လွိုင်ကော်ဆေးရုံကြီးကို ကယားပြည်နယ်အတွင်းရှိ ဆေးရုံများ၏ ကုသရေးဗဟိုဌာနအဖြစ် ထားရှိပြီး မြို့နယ်၊ တိုက်နယ်ဆေးရုံများရှိ ဆရာဝန်၊ သူနာပြု၊ ကျန်းမာရေးဝန်ထမ်းများ၏ ကုသရေးစွမ်းဆောင်မှု အရည်အသွေး တိုးတက်ရေးအတွက် ပိုမိုလေ့ကျင့်သင်ကြားပေးနိုင်မည်ဖြစ်ကြောင်းနှင့် ဆေးရုံများ၏ ဖွဲ့စည်းပုံ တိုးချဲ့လာခြင်းကြောင့် ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများပိုမိုရရှိလာမည်ဖြစ်ပြီး ကျန်းမာရေးနှင့်ပတ်သက်သော အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ အတတ်ပညာရှင်များလည်း ပိုမိုပေါ်ထွက်လာမည်ဖြစ်ကြောင်း ဆေးရုံအုပ်ကြီး ဦးရန်နိုင်မောင်က ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။



ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက လွိုင်ကော်ဆေးရုံကြီးအတွင်းကြည့်ရှုပြီး ကျောက်ကပ်မကောင်း၍ သွေးသန့်စင်ခြင်း ကုသမှုခံယူနေသောလူနာအား ကြည့်ရှုအားပေးစဉ်။

ကယားပြည်နယ်အတွင်းရှိ မြို့နယ်အားလုံးမှ ပြည်သူများသာမက ကယားပြည်နယ်နှင့် ထိစပ်လျက်ရှိသော ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များမှ ပြည်သူများ အားကိုးအားထားပြု၍ လာရောက်ကုသမှုခံယူလျက်ရှိသော ဆေးရုံကြီးဖြစ်သည်နှင့်အညီ တိုးတက်လာသော ခေတ်စနစ်၏ တိုးတက်လာသော လူဦးရေ၊ ကောင်းမွန်လာသော လမ်းပန်းဆက်သွယ်ရေး၊ ပွင့်လင်းလာမည့် နယ်စပ်ကုန်သွယ်ရေးတို့ အပါအဝင် လိုအပ်ချက်အရ ခုတင်(၅၀၀)ဆံ့ ဆေးရုံကြီးအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

# သပိတ်ကျင်းမြို့၌ ကလေးမိခင်များအား ကျန်းမာရေးစစ်တမ်းကောက်ယူ

**သပိတ်ကျင်း ဒီဇင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော မိခင်နှင့် (၅)နှစ်အောက် ကလေးသေဆုံးမှုနှုန်း ကျဆင်းရေးအတွက် အသိပညာဗဟုသုတ စစ်တမ်းကောက်ယူခြင်းကို ယနေ့နံနက် ၉ နာရီက သပိတ်ကျင်းမြို့ ရွှေဝါဝင်းခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်တင်ပပဝင်းနှင့် အဖွဲ့ဝင်များက ကျန်းမာရေးစစ်တမ်းကို ကလေးမိခင်များကိုယ်တိုင် အသိပညာပေးဆိုင်ရာ မေးခွန်းများဖြေဆိုစေပြီး အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်မာမာသင်းက အသိပညာပေးဆွေးနွေးမှုများပြုလုပ်ကာ ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။



အဆိုပါ စစ်တမ်းကောက်ယူမှုကို ကလေးမိခင် ၁၀၀ ခန့် စိတ်ပါဝင်စားစွာ တက်ရောက်ကြကြောင်း သိရသည်။

မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းနိုင်က သပိတ်ကျင်းမြို့နယ်သည် မန္တလေးတိုင်းဒေသကြီးအတွင်း မိခင်နှင့်ကလေးသေဆုံးမှု ဒုတိယအဆင့်တွင်ရှိနေပြီး ကျန်းမာရေး အသိပညာပေးလုပ်ငန်းများ တိုးမြှင့်လုပ်ကိုင်ရန် အကြံပြုဆွေးနွေးခဲ့ပြီး တက်ရောက်လာသူ ကလေးမိခင်များအား vitacee အားဆေး ကတ် ၆၀၊ Betex အားဆေး ကတ် ၅၀ နှင့် ဆေးစိမ်ခြင်ထောင်များ၊ အသုံးအဆောင်ပစ္စည်းများ ပေးဝေခဲ့ကြောင်း သိရသည်။

**စိုးနိုင်ဝင်း(သပိတ်ကျင်း)**



# အဝင်များ၍ ဈေးနှုန်းကျဆင်းသော်လည်း လက်လီဈေးမြင့်တက်နေဆဲ ကြက်သွန်နီ

**ရေစကြို ဒီဇင်ဘာ ၁၅**

ရေစကြိုမြို့နယ်တွင် ယခုနှစ် ကြက်သွန်နီပေါ်ခါစ နိုဝင်ဘာ နောက်ဆုံးပတ်နှင့် ဒီဇင်ဘာ ပထမပတ်အတွင်း ကြက်သွန်နီပွဲရုံအဖွင့်ဈေးမှာ တစ်ပိဿာကျပ် ၂၀၀၀ မှ ၂၁၀၀-၂၂၀၀ ထိ အမြင့်ဈေးပေါက်ခဲ့သော်လည်း ဒီဇင်ဘာ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ပွဲရုံဈေးမှာ တစ်ပိဿာကျပ် ၁၀၀၀-၁၁၀၀ ထိ ဈေးများကျဆင်းခဲ့ပြီး ဒီဇင်ဘာ ၁၄ ရက်တွင် တစ်ပိဿာကျပ် ၁၅၀၀-၁၆၀၀ သို့ ဈေးတက်လာခဲ့ကြောင်း သိရသည်။

"ကြက်သွန်နီပေါ်ခါစကတော့ အဝင်လည်းနည်း၊ ဈေးလည်းကောင်းခဲ့တာမှန်ပေမယ့် အခုကျတော့ ကြက်သွန်က အဝင်များလာတယ်။ တစ်ရက်နဲ့တစ်ရက်ကို ပိဿာချိန် နှစ်ထောင်၊ သုံးထောင်လောက်ဝင်လာတယ်။ ကျွန်တော်တို့ကလည်း ပွဲစားဆိုတော့ ရန်ကုန်ဈေးနဲ့ ချိန်ညှိဝယ်ရတာဆိုတော့ အတက်အကျ မြန်တာပေါ့"ဟု ကြက်သွန်နီပွဲစားတစ်ဦးက ဆိုသည်။

"ကျွန်တော်တို့စိုက်တဲ့ ကြက်သွန်နီက စိုက်တာနောက်ကျတော့ ပေါ်ဦးပေါ်စ ဈေးမရလိုက်ဘူး။ ဒီနေ့မှာလာရောင်းတော့ တစ်ပိဿာကျပ် ၁၅၀၀ ပဲရတယ်"ဟု သာဂေါင်ရွာမှ ကြက်သွန်နီလာရောင်းသူတစ်ဦးက ဆိုသည်။

ယခုကဲ့သို့ ကြက်သွန်နီဈေးများထိုးကျသွားသော်လည်း ရေစကြိုမြို့တွင် လက်လီရောင်းဈေးနှုန်းများမှာ အသစ်တစ်ပိဿာ ငွေကျပ် ၃၀၀၀ နှင့် အဟောင်းတစ်ပိဿာ ငွေကျပ် ၄၀၀၀ အထိ ဈေးမြင့်နေဆဲဖြစ်ကြောင်းသိရသည်။

"ကျွန်မတို့စားသုံးသူတွေကတော့ ဘာပစ္စည်းမဆို တက်လည်းတက်ဈေး၊ ကျလည်းကျဈေးနဲ့ ဝယ်ယူသုံးစွဲရတာပါပဲ။ ဒီနှစ်ကြက်သွန်နီဈေးကတော့ ခေါင်ခိုက်နေတာပဲ။ ကျွန်မအသက် (၅၃)နှစ်ရှိပြီ။ ခုလောက်ထိ ကြက်သွန်နီဈေးတက်တာမကြုံခဲ့ဖူးဘူး။ ခုလိုဈေးကြီးပေမယ့်လည်း ဝယ်စားနေရတာပါပဲ။ ဒါပေမယ့် အရင်ကထက်တော့ လျှော့သုံးရတာပေါ့"ဟု ဈေးဝယ်လာသူ အိမ်ရှင်မတစ်ဦးက ပြောသည်။

**ဖေထွန်းဇော်(ရေစကြို)**

# လက်ပန်ချောင်ကျေးရွာအုပ်စုတွင် ရေတိုကင်များ ရေခန်းခြောက်မှုများဖြစ်ပေါ်

**ကျောင်းကုန်း ဒီဇင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် လက်ပန်ချောင်ကျေးရွာအုပ်စုတွင် ကိုယ်ပိုင်တူးထားသော ရေတိုကင်များ ရေခန်းခြောက်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ကိုယ်ပိုင်ရေတိုကင်များသည် မြေအောက်ပေ ၁၈၀၊ ပေ ၂၀၀ ခန့် တူးထားသည့် ပိုက်များဖြစ်ပြီး ရေမထွက်သည်မှာ နှစ်ပတ်ခန့်ကြာမြင့်ပြီဖြစ်ကြောင်း၊ ရေခန်းခြောက်သွားသော ကျေးရွာခွဲများမှာ ခြောက်အိမ်တန်းရွာ၊ ထိပ်အုပ်ရွာ၊ တန်းလျားရွာ၊ ကျွန်းကလေးရွာ၊ လက်ပန်ချောင်ရွာနှင့် သဲဗွက်ရွာ စုစုပေါင်း ရွာခွဲခြောက်ရွာဖြစ်ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးက ပြောသည်။

သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် အဆိုပါ လက်ပန်ချောင်ကျေးရွာအုပ်စု ရွာခွဲခြောက်ရွာအား ရေရရှိရေး အမြန်ဆုံးဆောင်ရွက်ပေးနိုင်ပါရန် ဒေသခံကျေးရွာနေပြည်သူများက မျှော်လင့်နေကြကြောင်း သိရသည်။

**(ဝင်းကြိုင်)**

# သစ်တောကဏ္ဍဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲ ကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၁၅**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန သစ်တောသုတေသနနှင့် သစ်တောတက္ကသိုလ်တို့မှ သုတေသီပညာရှင်များ ပူးပေါင်းကျင်းပသည့် သစ်တောကဏ္ဍဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ရုံးအမှတ်(၃၉) သစ်တောဦးစီးရုံးချုပ် အင်ကြင်းခန်းမ နေပြည်တော်၌ ဒီဇင်ဘာ ၂၁ ရက်မှ ၂၃ ရက်အထိကျင်းပမည်ဖြစ်ပြီး စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်းနှင့် သုတေသနစာတမ်း အစောင် ၃၀ ဖတ်ကြားတင်သွင်းမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

## ရုပ်မြင်သံကြားအစီအစဉ်များ

[၁၆ - ၁၂ -၂၀၁၅ (ဗုဒ္ဓဟူးနေ့)]

### MRTV- 4

၅း၀၀ ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ဝဋ္ဋသုတ်
၅း၄၀ "သဋ္ဌာယတန ဝိဘင်္ဂသုတ်အနှစ်ချုပ်" (အပိုင်း-၂) တရားတော် (ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာ ဘိဝံသ)
၁၀း၅၅ ဟင်းချက်ရအောင်
၁၁း၂၀ MRTV-4 Stage
၁၁း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တော်ဝင်သူရွှေမျက်နှာ" (အပိုင်း-၁၆)
၁၂း၂၅ ရည်းစားဦး Talk Show
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝက်ပါစ်အိမ်" (အပိုင်း-၁၇)
၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၄၂)
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၄၃)
၇း၁၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝက်ပါစ်အိမ်" (အပိုင်း-၁၈)
၈း၁၅ ရသစုံညွှန်းတမ်းများ
၈း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားက မေတ္တာများ"(အပိုင်း-၆၇)
၉း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တော်ဝင်သူရွှေမျက်နှာ" (အပိုင်း-၁၇)
၁း၅၅ ဟင်းချက်ရအောင်
၄း၅၀ တန်ခိုးကြီးမား ဘုရားစေတီပုထိုးများ (ရွှေနတ်တောင် စေတီတော်မြတ်ကြီး)

### မြဝတီ

၆း၀၃ တရားတော်
၆း၁၆ မေတ္တာပို့
၆း၂၀ ဓမ္မပူဇာတေး
၈း၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
၈း၁၀ အမျိုးသားရေးတေးကဗျာ
၈း၁၅ မွေးမြူသုတ
၈း၃၀ DVD Hits
၈း၃၅ ဇာတ်လမ်းတို
၈း၅၀ သူနှင့် သူ၏သီချင်းများ
၉း၀၀ စာပေအလင်းစာပေသတင်း
၄း၂၅ အမျိုးသားရေးတေးကဗျာ
၄း၄၅ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၅၅ ရှေးဟောင်းသုတ
၅း၁၀ သာယာသီကြွေးခေတ်ဆန်းတေး
၅း၂၅ ပန်းကလေးများပွင့်တော့မည်
၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အတိတ်ရဲ့ချစ်ခြင်း (အပိုင်း-၉၉)
၆း၀၆ Amazing Cities
၆း၁၅ Meet With The Celebrities
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရင်နှစ်သီးခြာချစ်လိပ်ပြာ (အပိုင်း-၄၈) -ရယ်စရာပျော်စရာ ဟာသကမ္ဘာ -ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မောင်မောင့်ချစ်သူ လေဒီဒီဇိုင်နာ (အပိုင်း-၁၂)

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀ အဖွင့် -နှောင်းခေတ်တေးပဒေသာ
၆း၂၀ ပြည်သူ့နီတိ "အရွယ်သုံးပါး" (ဒုတိယပိုင်း)
၆း၄၀ ဝတ်စားဆင်ယင်မှုပြပွဲ (အက)
၇း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါဂင်ချီ" (အပိုင်း-၅၈)
၈း၃၅ တေးဂီတအစီအစဉ်
၈း၄၅ Catch Asia News (Part-21)
၉း၀၀ "ဘတောဝါနော ဘရိုက်သတိ"
၁၀း၁၀ မြန်မာရုပ်ရှင်(ဖျော်/မည်း) "ညမျက်လုံးနှင့် ရတနာ" (ညွှန့်ဝင်း၊ မြင့်မြင့်ခင်၊ ဆွေဇင်ထိုက်) (ဒါရိုက်တာ-အောင်မြင့်မြတ်)

**တစ်နေ့(၆)နာရီစာ (၄)ကြိမ်ပြသပါမည်။**

### မြန်မာ့ရုပ်မြင်သံကြား News Channel

၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၅ မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာစကားဝိုင်း (ရန်ကုန်စတော့အိတ်ချိန်း အကြောင်း သိကောင်းစရာ) (အပိုင်း-၃)
၈း၃၅ ပြည်သူတို့ရဲ့စကားသံများ
၉း၃၅ သိပ္ပံနှင့် နည်းပညာအစီအစဉ်
၁၁း၃၅ မြန်မာ့ရုပ်မြင်သံကြားလူငယ် အစီအစဉ်
၁၂း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု"(အပိုင်း-၄၇)
၁း၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ကြယ်စင်ခတဲ့နှလုံးသား" (အပိုင်း-၂၇)
၂း၁၀ ပီသကြည်မြမဟာဂီတ (အပိုင်း-၁၉)
၂း၃၅ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့ (ဉာဏ်လင်းအောင်(မြန်မာ) နှင့် ကိုစ်ပန်(ထိုင်း)
၄း၁၅ "စိမ်းစိုသည့်သစ်တောအေးမြသည့် ရေပြင်သဘာဝ၏ ရင်ခွင်"
၅း၃၅ ပြည်သူတို့ရဲ့စကားသံများ
၆း၃၅ "ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲက ဘဝ" (အမေနှင့်အမေ့အာမခံ)
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၉း၀၀ ပြည်တွင်းသတင်း -နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု"(အပိုင်း-၄၈) -သုခုမရင်ခွင်အငြိမ့်သဘင် "အဖေတို့သားတို့ အငြိမ့်"

# Miss Universe 2015 မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည့် မေဘရဏီသော် နှင့် တွေ့ဆုံ

မင်း လု သား







အမေရိကန်နိုင်ငံ လတ်စ်ဗီးဂက်စ်မြို့၌ ဒီဇင်ဘာ ၂၀ ရက်တွင် ကျင်းပမည့် Miss Universe 2015 ပြိုင်ပွဲကြီးတွင် ပါဝင်ယှဉ်ပြိုင်ရန် အမေရိကန်နိုင်ငံ၌ စခန်းဝင်လေ့ကျင့်လျက်ရှိသည့် Miss Universe Myanmar 2015 အလှမယ် မေဘရဏီသော်နှင့် ဆက်သွယ်မေးမြန်းမှုများကို စာဖတ်ပရိသတ်များ သိရှိနိုင်ရန် ဖော်ပြလိုက်ရပါသည်-

**ပြိုင်ပွဲအတွက် အမေရိကန်နိုင်ငံကိုရောက်တဲ့ အချိန်ကနေစပြီး ဘာတွေလုပ်ရလဲ။**

ကျွန်မရောက်တဲ့အချိန်ကစပြီး ဖောင်တွေဖြည့်ရတယ်။ ရုပ်သံနဲ့ ဓာတ်ပုံတွေ ရိုက်ရတယ်။ National Costume အတွက် ဓာတ်ပုံတွေရိုက်ရတယ်။ နေရာတော်တော်များများကို သွားရောက်လေ့လာလည်ပတ် ရပါတယ်။

**မြန်မာနိုင်ငံမှာဘယ်လိုပြင်ဆင်ခဲ့လဲ။**

ကျွန်မရခဲ့တဲ့အချိန်နှစ်လအတွင်း တော်တော်ပြင်ဆင်ခဲ့ပါတယ်။ တော်တော်လည်း ကြိုးစားပြင်ဆင်ခဲ့ပါတယ်။ အဝတ်အစားတွေ၊ လမ်းလျှောက်တာတွေ ပြင်ဆင်ခဲ့ပါ တယ်။ Miss Universe Organization ကလည်း ကျွန်မကို အများကြီးကူညီပါတယ်။ ဒီဇိုင်နာတွေကလည်း ကူညီပါတယ်။ ဝတ်စုံတွေနဲ့ မိတ်ကပ်အတွက်လည်း ပြင်ဆင်ခဲ့ပါတယ်။

**Organization နဲ့ ယခင်ပြိုင်ပွဲဝင်ခဲ့တဲ့သူတွေက ဘယ်လိုပံ့ပိုးပေးလဲ။**

ကျွန်မအရင် မမိုးစက်ဝိုင်နဲ့ သျှားထွင့်အိန္ဒြာတို့က သူတို့တွေ့ကြုံခဲ့ရတဲ့ အတွေ့အကြုံနဲ့ အခက်အခဲတွေကို ပြောပြကြတယ်။ Organization ကလည်း နှစ်နှစ်အတွေ့အကြုံရှိပြီးသားဆိုတော့ အများကြီးပံ့ပိုးပေးနိုင်ပါတယ်။

**ပြိုင်ပွဲမလာခင် ထိုင်းမှာလေ့ကျင့်ခဲ့တာက ဘယ်လိုအထောက်အပံ့ရခဲ့လဲ။**

ထိုင်းမှာလေ့ကျင့်ပြင်ဆင်ခဲ့တာက ကျွန်မအတွက် အထောက်အပံ့တွေ အများကြီးရပါတယ်။ ထိုင်းမှာလေ့ကျင့်တာကကျွန်မအတွက် အချိန်နည်းပါတယ်။ ဒါပေမယ့် Cat walk ပိုင်း၊ မိတ်ကပ်နဲ့ ဆံပင်ပြင်ဆင်မှုအပိုင်းတွေ အများကြီးလေ့ကျင့်ခဲ့ရပါတယ်။ ကျွန်မအတွက် အချိန်တစ်ပတ်ဆိုပေမယ့် ရတဲ့အချိန်အတွင်းတော်တော်များများ ပြင်ဆင်လေ့ကျင့်နိုင်ခဲ့ပါတယ်။

**လက်ရှိပြိုင်ပွဲကာလမှာ ညီမတွေ့ကြုံရတဲ့ အတွေ့အကြုံတွေကိုပြောပြပေးပါဦး။**

အခုပြိုင်ပွဲ စခန်းဝင်ကာလမှာ ကျွန်မရဲ့ အခန်းဖော်က ဖိလစ်ပိုင်အလှမယ်ပါ၊ သူနဲ့ အတူနေရပါတယ်။ ကျွန်မတို့ ဒီမှာ အဖွဲ့လေးတွေ ဖွဲ့ပေးထားပါတယ်။ လေးယောက်တစ်ဖွဲ့၊ ငါးယောက်တစ်ဖွဲ့ပါ။ ကျွန်မတို့ကအာရှဘက်ကဆိုတော့ ကျွန်မတို့အဖွဲ့မှာမလေးရှား၊ တရုတ်၊ ဖိလစ်ပိုင်နဲ့မြန်မာဆိုပြီး ကျွန်မတို့လေးယောက်တစ်ဖွဲ့ရှိပါတယ်။

**အမေရိကန်ကိုရောက်တဲ့အချိန် ဘာတွေကွာခြားတယ်လို့ခံစားရလဲ။**

ကျွန်မအတွက် အဓိကအခက်အခဲက နေ့၊ ညကွာခြားတာပါ။ ဒီမှာကနေ့ဆို မြန်မာပြည်မှာက ည၊ အဲဒီတော့ ကျွန်မအတွက် အိပ်ချိန်နည်းသွားတယ်။ အစားအသောက်က အဆင်ပြေပါတယ်။ ဒီကလူတွေကသူတို့ကိုယ်သူတို့ တော်တော်လေး Confidence ရှိတယ်လို့ ပြောရမယ်။ ဘယ်လိုအရာပဲဖြစ်ဖြစ် သူတို့လုပ်နိုင်တယ်ဆိုတဲ့ စိတ်မျိုးရှိတာတွေ့ရပါတယ်။

**လက်ရှိပြိုင်ပွဲမှာရောဘယ်လိုတွေ့ကြုံရလဲ။**

တွေ့ကြုံရတာကတော့ အများကြီးပါပဲ။ လာပြိုင်ကြတာကလည်း နိုင်ငံပေါင်းစုံကဆိုတော့ အပြိုင်အဆိုင်ပါပဲ။ နိုင်ငံပေါင်းစုံက အတော်ဆုံးတွေလာကြတာဆိုတော့ တော်တော်လိုက်ယူရတယ်။ တော်တော်လည်း ကြိုးစားရတယ်။

**ပြိုင်ရမယ့်ပြိုင်ပွဲတွေအတွက် ညီမဘယ်လိုပြင်ဆင်ထားလဲ။**

ဒီဇင်ဘာ ၁၅ ရက်မှာ ရေကူးဝတ်စုံနဲ့ ပွဲတစ်ပွဲပါ။ ဒါပေမယ့် အဲဒီပွဲကအမှတ်တော့ မပေးပါဘူး။ ဒိုင်တွေနဲ့ ရင်းနှီးအောင် လုပ်ပေးတဲ့ပွဲဖြစ်ပါတယ်။ နောက်နေ့တွေက အင်တာဗျူးရှိပါတယ်။ အင်တာဗျူကလည်း ခက်ခက်ခဲခဲတော့ မဟုတ်ပါဘူး။ ပေါ့ပေါ့ပါးပါးပါပဲ။ ၁၆ ရက်က ဆီမီးဖိုင်နယ်ပြိုင်ပွဲပါ။ အဲဒီပွဲကတော့ အရေးကြီးပါတယ်။ ကျွန်မလည်း ဝတ်စုံကအစ ပြင်ထားပါတယ်။ ဝတ်စုံက ကြေးကွင်းတွေကအစ ဝတ်စုံတစ်စုံလုံးကို ပေါင်သုံးဆယ်လောက်ရှိတယ်။

**အားပေးတဲ့ ပရိသတ်တွေအတွက် စကားလက်ဆောင်ပါးပေးပါဦး။**

ကျွန်မပြိုင်ပွဲမှာအကောင်းဆုံးဖြစ်အောင် ယှဉ်ပြိုင်မှာပါ။ ကျွန်မအနေနဲ့မြန်မာနိုင်ငံနဲ့မြန်မာပရိသတ်တွေအတွက် အကောင်းဆုံးကြိုးစားယှဉ်ပြိုင်သွားပါမယ်။ ကျွန်မကိုအားပေးကြသူအားလုံးကိုကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်ရှင့်။

## ကြေးမုံရုပ်ရှင်အညွှန်း

# မကြာမီ ရုံတင်ပြသမည့် "ရည်းစားဦး" မြန်မာဇာတ်ကားသစ်

***မြန်မာဇာတ်ကားကောင်းကြည့်ရှုခံစားလိုတဲ့ ရုပ်ရှင်ကြည့်ပရိသတ်ကြီးအတွက် လာမယ့်ဒီဇင်ဘာ ၁၈ ရက်နေ့မှာ စတင်ရုံတင်ပြသမယ့် "ရည်းစားဦး" လို့ အမည်ရတဲ့ အချစ်ဒရမ်မာဇာတ်ကားနဲ့ မိတ်ဆက်ပေးချင်ပါတယ်။***

ဒီဇာတ်ကားကို မပေါ်ဂနီရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လုပ်ပြီး ဇာတ်လမ်းဇာတ်ညွှန်း မိုးနီလွင်ရဲ့ လက်ရာဖြစ်ပြီးတော့ ဇာတ်ကားပုံဖော်ဖန်တီးသူကတော့ ဒါရိုက်တာဝင်းလွင်ထက် ဖြစ်ပါတယ်။ ဒီဇာတ်ကားမှာ မျက်နှာသစ်သရုပ်ဆောင်တစ်ဦးဖြစ်တဲ့ အလင်းရောင်က ခေါင်းဆောင် ပါဝင်ထားပြီး သဥ္ဇာနွယ်ဝင်း၊ ရဲအောင်နဲ့ အာဝေးတို့ အဓိကပါဝင်သရုပ်ဆောင်ထားကာ စည်သူဝင်း၊ ထက်ထက်ထွန်းနဲ့ သရုပ်ဆောင်များစွာတို့က ပါဝင်အားဖြည့်ထားကြပါတယ်။



ဒီဇာတ်ကားမှာ မင်းသား အလင်းရောင်က ကလပ်မှာသီချင်းဆိုရင်း ပိုက်ဆံရှာတဲ့ လူဆိုးကောင်လေး၊ ဂေးတစ်ယောက်အဖြစ် ပါဝင်သရုပ်ဆောင်ထားပါတယ်။ နောက်ပြီး ဂီတကိုလည်း ဝါသနာထုံသူတစ်ယောက်ဖြစ်တဲ့ မင်းသား အလင်းရောင်က ဒီဇာတ်ကားရဲ့ ဇာတ်ဝင်သီချင်းတွေကိုလည်း ကိုယ်တိုင်သီဆိုထားတယ်လို့ သိရပါတယ်။

ဒီဇာတ်ကားဟာ ဒါရိုက်တာဝင်းလွင်ထက်ရဲ့ ပထမဆုံးရုပ်ရှင်ဇာတ်ကားဖြစ်ပြီး ၂၀၁၃ ခုနှစ်က စတင်ရိုက်ကူးခဲ့တာ ဖြစ်တယ်လို့သိရပါတယ်။ မင်းသား အလင်းရောင်အနေနဲ့ ယခင်ရိုက်ကူးထားတဲ့ ဇာတ်ကားနှစ်ကားမှာ မင်းသား အလင်းရောင်ရယ်လို့ လူသိပ်သတိမထားမိကြသေးပေမယ့် အခုဒီဇာတ်ကားမှာတော့ ဘယ်လိုအောင်မြင်မှုတွေရမလဲ ဆိုတာကတော့ ပရိသတ်ရဲ့အဖြေဖြစ်တာမို့ ရင်ခုန်စွာစောင့်ကြည့်ရမှာပါ။

"ရည်းစားဦး"ဇာတ်ကားသစ်ကို မကြာမီမှာ သမ္မတ၊ သွင်၊ မင်္ဂလာ(၁)၊ တော့ပ်ရွှိုင်ရယ်(စိန်ဂေဟာပါရမီ)၊ မင်္ဂလာစံပြ၊ ဝင်းလိုက်၊ မြို့မနဲ့ မင်္ဂလာထွန်းသီရိအဆင့်မြင့်ရုပ်ရှင်ရုံတွေမှာ ဒီဇင်ဘာ ၁၈ ရက်ကနေစပြီး ရုံတင်ပြသသွားမှာဖြစ်ပါတယ်။ မင်္ဂလာဝဇီရာ(လှိုင်သာယာ)ရုံမှာတော့ ယခင်ဇာတ်ကားဟောင်းဖြစ်တဲ့ နေတိုးနဲ့ သက်မွန်မြင့်တို့ရဲ့ "နက္ခတ်မှားတဲ့တိုက်ပွဲ" ဇာတ်ကားကို ဆက်လက်ရုံတင်ပြသမှာဖြစ်ပါကြောင်း တစ်ပတ်အတွက် ကြေးမုံရုပ်ရှင်အညွှန်းအနေနဲ့ တင်ဆက်လိုက်ရပါတယ်။ **ဖြိုးစန္ဒာမြင့်။**

## အားကစား

# ညောင်ဦးတွင် ရိုးရာအစဉ်လာ မြန်မာ့ရိုးရာမြင်းစီးပြိုင်ပွဲကျင်းပ



**ညောင်ဦး ဒီဇင်ဘာ ၁၅**

ညောင်ဦးတွင် ဦးပေါင်းကျားမြင်းစီးအသင်း (Bagan Myanmar Group)နှင့် ရန်ကုန်မြင်းစီးအသင်းတို့ ပူးပေါင်းစီစဉ်ကျင်းပသော ရိုးရာမြင်းစီးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ညောင်ဦးမြို့နယ် မြို့ရှောင်လမ်းဘေး၊ အဝေးပြေးကားကြီးကွင်းအနီးရှိ အဆိုပါ မြင်းစီးပြိုင်ပွဲကွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ရှေးဦးစွာ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးရဲမြင့်၊ ဦးပေါင်းကျားမြင်းစီးအသင်း (Bagan Myanmar Group) ဥက္ကဋ္ဌ ဦးမျိုးမင်းဦး၊ ရန်ကုန်မြင်းစီးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ငြိမ်း၊ ပုဂံဇုန်ဧည့်လမ်းညွှန်အသင်းဥက္ကဋ္ဌ ဦးဇော်ဝင်းချိုတို့က ရိုးရာမြင်းစီးပြိုင်ပွဲ ကွင်းမုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် နိုင်ငံကျော်အဆိုတော်များ၊ အနုပညာရှင်များက တေးသီချင်းများ၊ အကအလှများဖြင့် သီဆိုဖျော်ဖြေခဲ့ကြပြီး ပုဂံဝင်းများဖြင့် မြင်းပြိုင်ကွင်း တစ်ပတ်လှည့်လည်အလှပြခြင်း၊ မြင်းစီးကျွမ်းကျင်မှု မြင်းခင်းသရုပ်ပြခြင်းများ ဆောင်ရွက်ခဲ့ကြရာ မြင်းဝါသနာရှင်များ၊ မြင်းစီးအားကစားဝါသနာရှင်များ၊ ပြည်သူများ တစ်ခဲနက်လာရောက်ကြည့်ရှု အားပေးခဲ့ကြသည်။

"မြင်းစီးပြိုင်ပွဲပြုလုပ်ပေးရခြင်းရဲ့ ရည်ရွယ်ချက်သုံးရပ်ရှိပါတယ်၊ ရှေးမူမပျက်မြင်းခင်းသဘင်ကျင်းပနိုင်ရေး၊ မြင်းစီးပညာရှင်များ ပေါ်ပေါက်လာရေးနှင့် မြင်းမျိုးကောင်းများ မွေးထုတ်ပေးနိုင်ရေး၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေးတို့ဖြစ်ပါတယ်။ ရိုးရာမြင်းခင်းသဘင်ဆိုတာ ဆယ့်နှစ်လရာသီတွင် ပြာသိုလ၌ပါဝင်သည့် မြန်မာ့ရိုးရာပွဲဖြစ်သည်နှင့်အညီ နှစ်စဉ်ကျင်းပနိုင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းဖြင့် ရိုးရာလည်းမပျောက်ပျက်စေဘဲ မြင်းပညာရှင်များ မြန်မာ့မြင်းမျိုး မြင်းကောင်းများ ပေါ်ထွက်လာမယ်လို့ ယုံကြည်ချက်နဲ့ကျင်းပရခြင်းဖြစ်ပါတယ်။ ယခုလို ရိုးရာမြင်းပြိုင်ပွဲများကို အဆက်မပြတ်ကျင်းပပေးပြီး မြန်မာ့ရိုးရာမြင်းများကို ကမ္ဘာက သိအောင်ပြသနိုင်ခြင်းအားဖြင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် တစ်ထောင့်တစ်နေရာမှ အကျိုးပြုနိုင်တဲ့အပြင် ယင်းနှင့်ပတ်သက်ပြီး အခြေခံလူတန်းစားများအနေဖြင့်လည်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာပါလိမ့်မယ်" ဟု ဦးပေါင်းကျားမြင်းစီးအသင်း (Bagan Myanmar Group)ဥက္ကဋ္ဌ ဦးမျိုးမင်းဦးက ပြောကြားခဲ့သည်။

မြန်မာ့ရိုးရာမြင်းစီးပြိုင်ပွဲကို ပြိုင်ပွဲအမျိုးအစားခြောက်မျိုးဖြင့် ယှဉ်ပြိုင်ကျင်းပမည်ဖြစ်ပြီး ဒုန်းပြိုင်ပွဲအကြီးတန်း (ဒေါက် ၄ ပေ ၁၀လက်မနှင့် အထက်) ပေ၄၀၀၀ခန့် အရှည်စက်ဝိုင်းပတ် ညာပတ်၊ ဒုန်းပြိုင်ပွဲ အငယ်တန်း (ဒေါက် ၄ပေ ၁၀လက်မနှင့် အောက်) ပေ၃၀၀၀ခန့် အရှည်စက်ဝိုင်းပတ် ညာပတ်၊ မြန်မာ့ရိုးရာအသားကျပြိုင်ပွဲ မြင်းအရွယ် ကန့်သတ်ချက်မရှိ ပေ၁၅၀၀ခန့်တစ်ပတ် (ဘယ်/ညာ)၊ မြန်မာ့ရိုးရာစက်ထိုး (၁၀ပေအမြင့်ရှိ စက်ဝိုင်းတစ်ခုနှင့် တစ်ခုကြားတွင် ပေ၁၅၀ခန့်ခွာထားပြီး ယင်းစက်ဝိုင်းကြား တစ်ခုစီတွင် စိုက်ထားသောလှံကို မြင်းစီးပြေးလျက် နုတ်ယူပြီးစက်ထိုးရန်)၊ တန်းခုန်ပြိုင်ပွဲ၊ Dressage ပြိုင်ပွဲတို့ဖြစ်ကြောင်း၊ ပြိုင်ပွဲကို ဒီဇင်ဘာ ၁၅ရက်မှ ၁၇ရက်ထိ သုံးရက်တိုင် ကျင်းပမည်ဖြစ်ပြီး ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၇ ရက် ညနေ ၃နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ရဲသူရအောင် (ညောင်ဦး)**

# စစ်ကိုင်းတိုင်းဒေသကြီး ခရိုင်အလိုက် အမျိုးသမီးဘောလုံးပြိုင်ပွဲကျင်းပ

**မုံရွာ ဒီဇင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသမီး အားကစားအဖွဲ့နာယကဖလား ခရိုင်အလိုက် အမျိုးသမီး ဘောလုံးပြိုင်ပွဲကို မုံရွာမြို့ တိုင်းဒေသကြီးအားကစားကွင်းတွင် ဒီဇင်ဘာ ၁၃ ရက် ညနေပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုရေးဝန်ကြီးက အမှာစကားပြောကြားပြီး ပြိုင်ပွဲအား ဖွင့်လှစ်ပေးခဲ့သည်။ အဖွင့်ပွဲစဉ်အဖြစ် စစ်ကိုင်းခရိုင်ကိုယ်စားပြု အမျိုးသမီးအသင်းနှင့် ရွှေဘိုခရိုင်ကိုယ်စားပြု အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့သည်။ အဆိုပါပွဲစဉ်တွင် ရွှေဘို ခရိုင်အသင်းက တစ်ဂိုး - ဂိုးမရှိဖြင့် အနိုင် ရရှိခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသမီး အားကစားအဖွဲ့နာယကဖလား ခရိုင်အလိုက်အမျိုးသမီးဘောလုံးပြိုင်သို့ တိုင်းဒေသကြီးအတွင်းရှိ စစ်ကိုင်း၊ မုံရွာ၊ ရွှေဘို၊ ယင်းမာပင်၊ ကလေး၊ ကသာ၊ တမူးနှင့် မော်လိုက် ခရိုင်တို့မှ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်းနှင့် ပြိုင်ပွဲအား ဒီဇင်ဘာ ၁၃ရက် မှ ၂၃ ရက်အထိ ၁၁ ရက်ကြာ စစ်ကိုင်းတိုင်းဒေသကြီး အားကစားကွင်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌဖလား အားကစားပြိုင်ပွဲများ ယှဉ်ပြိုင်ကစားလျက်ရှိ

**ဝါးခယ်မ ဒီဇင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်တွင် မြို့နယ်အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌဖလား ဘောလုံး၊ ပိုက်ကျော်ခြင်း၊ ရိုးရာခြင်း၊ စားပွဲတင်တင်းနစ်၊ ကြက်တောင်၊ မီနီမာရသွန်၊ ဘီလိယက်နှင့်စနူကာပြိုင်ပွဲများ ကျင်းပလျက်ရှိရာ ဒီဇင်ဘာ ၁၅ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ မီနီမာရသွန်ပြိုင်ပွဲကို ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ကစားသမား ၄၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်က သေနတ်ပစ်ဖောက်တာလွှတ်ပေးခဲ့ပြီး ပြိုင်ပွဲတွင်ဆုရရှိသူများအား အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**လွှမ်းသီဟ(ပြန်/ဆက်)**

# ချန်ပီယံလိဂ် ၁၆သင်းအဆင့် ရှုံးထွက်ပွဲစဉ် ထိပ်တိုက်တွေ့ဆုံမည့်အသင်းများ ထွက်ပေါ်

ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ရှုံးထွက်ပွဲစဉ်တွင် ထိပ်တိုက်တွေ့ဆုံရမည့်အသင်းများ မဲခွဲဆုံးဖြတ်မှုကို ဒီဇင်ဘာ ၁၄ ရက် ညပိုင်းက ဆွစ်ဇာလန်နိုင်ငံ နယွန်မြို့၌ ကျင်းပခဲ့ရာ လက်ရှိချန်ပီယံ ဘာစီလိုနာက အာဆင်နယ်နှင့်တွေ့ဆုံမည်ဖြစ်ပြီး ဘွန်ဒက်စ်လီဂါ ချန်ပီယံဘိုင်ယန်နှင့် စီးရီးအေချန်ပီယံ ဂျူဗင်တပ်တို့ ထိပ်တိုက်တွေ့ဆုံမည့် ပွဲစဉ်များပါဝင်နေရာ ပရိသတ်များ၏အာရုံကို အပြည့်အဝဖမ်းစားနိုင်ဦးမည်ဖြစ်သည်။ ချယ်လ်ဆီးမှာ ပြီးခဲ့သည့်နှစ်က တွေ့ဆုံခဲ့သော ပီအက်စ်ဂျီနှင့်ပင် ထပ်မံတွေ့ဆုံခဲ့သည်ကို အံ့အားသင့်ဖွယ် တွေ့ရှိရမည်ဖြစ်သည်။ ပရီမီယာလိဂ်ချန်ပီယံ မန်စီးတီးမှာမူ ဒိုင်နမိုကိဗ်အသင်းနှင့်သာတွေ့ဆုံရမည်ဖြစ်သဖြင့် ကွာတားဖိုင်နယ်သို့ တက်ရောက်ရန် အခွင့်အရေး အများဆုံးအသင်းအဖြစ် သတ်မှတ်ရမည်ဖြစ်သည်။ ယင်းပွဲစဉ်များကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၆၊ ၁၇၊ ၂၃၊ ၂၄ ရက်များနှင့် မတ် ၈၊ ၉၊ ၁၅၊ ၁၆ ရက်များတွင် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

အာဆင်နယ်မှာ ဘာစီလိုနာကို ၂၀၀၆ချန်ပီယံလိဂ် ဗိုလ်လုပွဲတွင် ရှုံးနိမ့်ခဲ့ပြီး ချန်ပီယံဆုဖလားဆုံးရှုံးခဲ့သလို ၂၀၀၉-၂၀ဘောလုံးရာသီ ကွာတားဖိုင်နယ်၊ ၂၀၁၀-၁၁ (၁၆)သင်းအဆင့် ရှုံးထွက်ပွဲစဉ်များတွင်လည်း အရေးနိမ့်ခဲ့သေးသည်။ ချယ်လ်ဆီးနှင့် ပီအက်စ်ဂျီတို့သည် ပြီးခဲ့သည့်နှစ်နှစ်ဆက်တိုက်ကလည်း တွေ့ဆုံခဲ့သေးရာ အဝေးဂိုးစည်းမျဉ်းများဖြင့် တစ်လှည့်စီ အသာယူနိုင်ခဲ့သည်ကို မှတ်တမ်းများအရ တွေ့ရှိရသည်။၂၀၁၃တွင် ချယ်လ်ဆီးက ပီအက်စ်ဂျီအား ကွာတားဖိုင်နယ်တွင် နောက်ကောက်ချနိုင်ခဲ့သလို ပြီးခဲ့သည့်နှစ်တွင် ပီအက်စ်ဂျီက ပြန်လည်အသာရအောင် စွမ်းဆောင်နိုင်ခဲ့သည်။ ဘိုင်ယန်နှင့် ဂျူဗင်တပ်တို့ ယခုနောက်ပိုင်းတွေ့ဆုံမှုတွင် ဘိုင်ယန်ကသာ အသာရမှု ပိုမိုများနေပြီး နောက်ဆုံးတွေ့ဆုံခဲ့သော ၂၀၁၂-၁၃ ဘောလုံးရာသီကွာတားဖိုင်နယ်ပွဲစဉ်တွင် ဘိုင်ယန်ကပင်နှစ်ဂိုးပြတ်ဖြင့် အနိုင်ယူနိုင်ခဲ့သည်။ ချန်ပီယံလိဂ် ဗိုလ်လုပွဲစဉ်ကို ၂၀၁၆ မေ ၂၈ ရက် (စနေနေ့)၌ အီတလီနိုင်ငံ မီလန်မြို့ ဆန်စီရိုကွင်းတွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **မေလှဲ့သင်း**

**၁၆ သင်းအဆင့် ရှုံးထွက်ပွဲစဉ်တွင် ထိပ်တိုက်တွေ့ဆုံမည့်အသင်းများ**

| ကလပ်အမည် | ကလပ်အမည် | ယှဉ်ပြိုင်မည့်ရက် |
|---|---|---|
| ပီအက်စ်ဂျီ(ပြင်သစ်) | ချယ်လ်ဆီး(အင်္ဂလန်) | ဖေဖော်ဝါရီ၁၆၊ မတ်၉ |
| ဘင်ဖီကာ( ပေါ်တူဂီ) | ဇင်းနစ်(ရုရှား) | ဖေဖော်ဝါရီ၁၆၊ မတ်၉ |
| ဂျန့် (ဘယ်လ်ဂျီယံ) | ဝုဖ်ဘတ်(ဂျာမနီ) | ဖေဖော်ဝါရီ၁၇၊ မတ်၈ |
| ရိုးမား(အီတလီ) | ရီးယဲလ်မက်ဒရစ်( စပိန်) | ဖေဖော်ဝါရီ၁၇၊ မတ်၈ |
| အာဆင်နယ်(အင်္ဂလန်) | ဘာစီလိုနာ(စပိန်) | ဖေဖော်ဝါရီ၂၃၊ မတ် ၁၆ |
| ဂျူဗင်တပ်(အီတလီ) | ဘိုင်ယန်မြူးနစ်( ဂျာမနီ) | ဖေဖော်ဝါရီ၂၃၊ မတ် ၁၆ |
| ပီအက်စ်ဗွီ(နယ်သာလန်) | အက်သလက်တီကိုမက်ဒရစ်(စပိန်) | ဖေဖော်ဝါရီ၂၄၊ မတ်၁၅ |
| ဒိုင်နမိုကိဗ်(ယူကရိန်း) | မန်စီးတီး(အင်္ဂလန်) | ဖေဖော်ဝါရီ၂၄၊ မတ်၁၅ |

# လူကာကူကို ခေါ်ယူဖို့ မန်ယူပြင်

မန်ယူသည် ချန်ပီယံလိဂ်နှင့် ပရီမီယာလိဂ်ရလဒ်များ ဆက်တိုက်ဆိုးရွားလာမှုကို ကုစားရန် ပရီမီယာလိဂ်ကစားကွက်နှင့် အံဝင်ပြီး အဲဗာတန်တိုက်စစ်မှူး လူကာကူအား ခေါ်ယူရန် ချိတ်ဆက်မှုများ ပြုလုပ်နေသည်ဟု အီတာစပို့ပရက်စ်က ဖော်ပြသည်။ မန်ယူတိုက်စစ်ကို ဦးဆောင်ကစားနေသည့် ရွန်းနီနှင့် မာရှယ်လ်တို့နှစ်ဦး အင်အားဖြင့် မလုံလောက်တော့သည်ကို သဘောပေါက်လာသော ဗန်ဟားလ်က လူကာကူအား မြင့်မားသော လစာနှုန်းထားဖြင့် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။ လူကာကူသည် ယခုနှစ်ဘောလုံးရာသီတွင် အဲဗာတန်အတွက် သွင်းဂိုး ၁၅ ဂိုး သွင်းယူပေးခဲ့ပြီးဖြစ်သည်။

လူကာကူအပြင် ရီးယဲလ်ကွင်းလယ်ကစားသမား ဂျိမ်းစ်ရိုဒရီဂွက်ဇ်နှင့် အဲဗာတန်နောက်ခံလူ ဂျွန်စတုန်းတို့အားခေါ်ယူရန် ချိတ်ဆက်နေမှုများ ပြုလုပ်နေသည်ဟု အဆိုပါ ဝက်ဘ်ဆိုက်ကပင်ဖော်ပြသည်။

**မေလှဲ့သင်း**



# ပရီမီယာလိဂ်တွင်ရလဒ်များဆိုးရွားနေခြင်းက ချန်ပီယံလိဂ်တွင် ပိုမိုအားကောင်းစေရန် ချယ်လ်ဆီးကိုအထောက်အပံ့ပြုနိုင်မည်

ချန်ပီယံလိဂ် ၁၆သင်းအဆင့် ရှုံးထွက်ပွဲစဉ်တွင် ချယ်လ်ဆီးနှင့် ထိပ်တိုက်တွေ့ဆုံနေသည့် ပီအက်စ်ဂျီအသင်းမှ နောက်ခံလူ သီယာဂိုဆေးလ်ဗားက ချယ်လ်ဆီး၏ ပရီမီယာလိဂ်ရလဒ်ဆိုးများက ချန်ပီယံလိဂ်တွင် ပိုမိုအန္တရာယ်ပေးနိုင်သည့်အသင်းအဖြစ်ရောက်ရှိလာစေရန် အထောက်အပံ့ဖြစ်လာနိုင်ကြောင်း အသင်းဖော်များအား သတိပေးစကားဆိုခဲ့သည်။ချယ်လ်ဆီးသည် ဒီဇင်ဘာ ၁၄ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်(၁၆)တွင်လည်း လက်စတာအား နှစ်ဂိုး-တစ်ဂိုးဖြင့် အရေးနိမ့်ခဲ့ပြန်ရာ တန်းဆင်းဇုန်အသင်းများထက် ရမှတ်တစ်မှတ်သာ အသာရနေသည့်အနေအထားသို့ရောက်ရှိသွားခဲ့သည်။

ဆေးလ်ဗားက ချယ်လ်ဆီး၏ ပေါက်ကွဲမှုကို ချန်ပီယံလိဂ်တွင် ပိုမိုတွေ့ရှိရမည်ဖြစ်သဖြင့် ပြိုင်ဘက်အသင်းများ ပိုမို သတိထားကစားရန် လိုအပ်နေပြီဟု သူ၏ အမြင်ကို ထုတ်ဖော်ပြောကြားခဲ့သည်။ ဆေးလ်ဗားက" အခုအချိန်မှာတော့ ချယ်လ်ဆီးနဲ့ ပီအက်စ်ဂျီ ဘယ်အသင်း ကွာတားတက်မလဲဆိုရင် ပီအက်စ်ဂျီလို့ပဲ ဖြေမယ့်သူကပိုများ မှာပါ။ ဒါပေမယ့်ဘောလုံးကစားပွဲဆိုတာက တအားတင်းကျပ်တဲ့အခါ ဖောက်ထွက်တတ်တဲ့ သဘာဝရှိတာကြောင့် ဘာကိုမှ ပုံသေကားကျ တွက်လို့မရပါဘူး"ဟု ဆိုသည်။

ဆေးလ်ဗားကမူ နှစ်သင်းစလုံးအခွင့်အရေး ဆတူရှိနေပြီး မည်သည့်အသင်း ကွာတားဖိုင်နယ်တက်မည်လဲဆိုသည်ကိုမူ ပြောရန်ခက်ခဲကြောင်း မှတ်ချက်ပြုခဲ့သည်။ **မေလှဲ့သင်း**

## ဂုဏ်ယူဝမ်းမြောက်ကြောင်း

၁၅-၁၂-၂၀၁၅ ရက်နေ့တွင် လေကြောင်းအတတ်သင် လေတပ်စခန်း၌ ကျင်းပပြုလုပ်ခဲ့သည့် (၆၈)နှစ်မြောက် တပ်မတော် (လေ) နှစ်ပတ်လည်နေ့နှင့် လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင် အခမ်းအနား အောင်မြင်စွာကျင်းပ နိုင်ခဲ့ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ကာကွယ်ရေးဦးစီးချုပ်(လေ)(ငြိမ်း)များ

Wings International Travel & Tours Co.,Ltd
No.180, Ground Floor, U Chit Maung Road, Bahan Township, Yangon.
Phone: 01 544 277, 09 78 2220 681-5
www.wingstravel.tours @: sales@wingstravel.tours Hotline: 09 7878 111 22
Car Rental
Air Ticketing
Tours Packages
Hotels Reservation

GOLDEN STAR ခရီးသွားလုပ်ငန်း
ဂျာမနီ နိုင်ငံထုတ် MAN အဆင့်မြင့် ကားများဖြင့် ...
ကျိုက်ထီးရိုး/ချောင်းသာ/ငွေဆောင်
Ph: 209200, 544383, 430480, 705968, 703448

ရွှေနဂါး
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209077, 209388

## ပျော်ဘွယ်မြို့ ပန်းခုံ(အထက)
## (၂၁)ကြိမ်မြောက်အာစရိယပူဇော်မည်

